# မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၂၀)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ ခွင့်ကြုံခိုက်မှာ မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်

**ယခုဖွင့်လှစ်သည့် မအူပင်စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်မှ နှစ်စဉ်စိုက်ပျိုးမွေးမြူရေးပညာရှင်(၃၀၀)ဦးစီ မွေးထုတ်ပေးနိုင်မည်ဖြစ်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ပင်မဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) သို့ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆




**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်)

# ဒေသတည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေး

မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာကျင့်သုံးလျက်ရှိပြီး အဆိုပါစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိနေရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူအဖျက်သမားအဖွဲ့အစည်းရှိနေသည့်အတွက် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများနှောင့်နှေးကြန့်ကြာခဲ့ပြီး ဒေသအချို့တွင်တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေး လျော့နည်းခဲ့သည်။

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများနှင့်ပတ်သက်၍ နိုင်ငံရေးပြဿနာကိုနိုင်ငံရေး နည်းလမ်းဖြင့်ဖြေရှင်းရန် နိုင်ငံတော်အစိုးရကဖိတ်ခေါ်ထားပြီးဖြစ်သည်။ ထို့ပြင် တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ကြရန်ဖြစ်သည်။ သို့သော် လက်နက်ကိုင်ဆောင်ခြင်းဖြင့် ငွေကြေးမြောက်မြားစွာ ရရှိနေသည့်အတွက် မမှန်ကန်သောအကြောင်းအမျိုးမျိုးပြကာ လက်နက်စွဲကိုင်ခြင်းကို စွန့်လွှတ်နိုင်ခြင်း မရှိသေးပေ။ တရားမဝင်ကုန်သွယ်မှု၊ လောင်းကစားမှု၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ ပြည်သူလူထုထံမှ ဆက်ကြေးကောက်ခံမှုတို့ဖြင့် ကိုယ်ကျိုးစီးပွားရှာဖွေနေကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့က မုလအိအလင်းကုမ္ပဏီနှင့် Tran-Asia International Holding Group(Thailand) ကုမ္ပဏီတို့လုပ်ငန်းစတင်ခဲ့သည့် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေအတွင်းသို့ အောက်တိုဘာလအတွင်းမှစ၍လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များဆောင်ရွက်ရန်အကြောင်းပြ၍ စီမံကိန်းတစ်ရပ်အဖြစ်တည်ဆောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများရပ်တန့်ထားသည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းသို့ နိုဝင်ဘာလ ၁၈ ရက် နံနက်ပိုင်းမှစ၍လည်းကောင်း ဝင်ရောက်ရှင်းလင်းခြင်းများဆောင်ရွက်လျက်ရှိသည်။

မုလအိအလင်းကုမ္ပဏီနှင့် Tran-Asia International Holding Group(Thailand)ကုမ္ပဏီတို့ လုပ်ငန်းစတင်ခြင်းမှာ KNU အကြမ်းဖက်အဖွဲ့နှင့်စာချုပ်ချုပ်ဆိုကာ တရားမဝင်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သောစီးပွားရေးလုပ်ငန်းများလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအများအပြားရှိ အလုပ်အကိုင်အခွင့်အလမ်းရရှိလိုသူများအပေါ် လိမ်လည်လှည့်စားစီးပွားရှာဖွေခြင်းဖြစ်သည့်အတွက် အလွန်ပင်စက်ဆုပ်ဖွယ်ကောင်းသည့် လူ့အခွင့်အရေးချိုးဖောက်မှုကြီးကိုကျူးလွန်နေခြင်းဖြစ်သည်။ လူကုန်ကူးခြင်း၊ မတရားနှိပ်စက်ညှဉ်းပန်းခြင်းတို့ဖြင့်နာမည်ဆိုးကျော်ကြားသည်။

မြန်မာနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်ပူးပေါင်းတိုက်ဖျက်လျက်ရှိသည်။ နိုဝင်ဘာလ ၁၄ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့်ဗီယက်နမ်တို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုများတိုက်ဖျက်လျက်ရှိပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ လိမ်လည်မှုကွန်ရက်များနှင့်ရာဇဝတ်ဂိုဏ်းများကို ပြတ်ပြတ်သားသားဖယ်ရှားလျက်ရှိသည်။ အဆိုပါကွန်ရက်များ၌ပိတ်မိနေသူများအား ကယ်ဆယ်ရန်၊ ဒေသတွင်းတရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်းရန် အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်သည် နိုင်ငံလွတ်လပ်ရေးရပြီးချိန်ကတည်းက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်ယွင်းပြီး ပြည်နယ်အတွင်းနေထိုင်သည့်ပြည်သူများ ထိခိုက်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ထိခိုက်မှုများရှိနေသည်။ ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင်လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပညာသင်ကြားနိုင်မည်၊ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကိုဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင်ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်းနေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင်လုပ်ဆောင်နေမှုများကို ပြတ်ပြတ်သားသားရှင်းလင်းဆောင်ရွက်နေပြီဖြစ်သည်။ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့်နေရာများအား တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်မည်ဖြစ်သည်။ သို့မှသာ ဒေသတည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးရရှိလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**
**၃၄ ရက်**
**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲရုံမှူး ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်များဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်

မိတ္ထီလာ နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်များဆိုင်ရာ မွမ်းမံသင်တန်း(ပထမအကြိမ်)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မြင့်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်မဲပေးစက်နှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူနှင့် ဆရာ၊ ဆရာမများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ သင်တန်းကိုပို့ချရာတွင် သင်တန်းသား၊ သင်တန်းသူများကို ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲပေးစက်နှင့်စပ်လျဉ်းသည်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းလမ်းညွှန်များဆိုင်ရာတို့ကို သင်တန်းနည်းပြများက ဆွေးနွေးပို့ချသည်။

အဆိုပါမွမ်းမံသင်တန်းအား မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများအတွက် သင်တန်းကာလ နှစ်ရက်တာ ဖွင့်လှစ်ပို့ချပြီး ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် သင်တန်းကာလ သုံးရက်တာဖွင့်လှစ်ပို့ချကြောင်း သိရသည်။

(ဖဝ၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၁-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၂၀ ကိုယ်လက်လှုပ်ရှားအားကစား
၃။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၄။ ၁၀:၀၀ မွေးမြူသုတ
၅။ ၁၁:၀၀ ကမ္ဘာ့ရေးရာမှတ်သားစရာ
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ မှတ်သားလိုက်နာပုံပမာ
၉။ ၁၅:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၁၀။ ၁၇:၀၀ စိုက်ပျိုးသုတ
၁၁။ ၁၈:၃၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၁၂။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်



ဆရာတော်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်နှင့်ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မဟာဗောဓိစေတီတော်မြတ်ကြီးအထွတ်သို့ တင်လှူပူဇော်ကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ပြုလုပ်ရာ နိုင်ငံတော်သံဃနာယကအဖွဲ့ အဖွဲ့ဝင်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဇမ္ဗူအေးအောင်တပ်ဦးကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဇမ္ဗူအေးအောင်တပ်ဦးကျောင်း ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံ အမွှေးနံ့သာရည်၊ ပရိတ်ရေ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်များ၊ ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်၊ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်များယူဆောင်၍ မဟာဗောဓိစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ပက်ဖျန်းပူဇော်ကြကာ ဇမ္ဗူအေးအောင်တပ်ဦးကျောင်း ဦးစီးပဓာနနာယကဆရာတော်ထံမှ ရေစက်သွန်းတရားတော်နှင့် အနုမောဒနာတရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်နှင့်ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကိုပင့်ဆောင်၍မဟာဗောဓိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး စေတီတော်မြတ်ကြီးအထွတ်သို့ တင်လှူပူဇော်ကြကာ ရတနာရွှေမိုးငွေမိုး များရွာသွန်းဖြိုးကြသည်။ ၎င်းနောက် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာဗောဓိပင်စိုက်ပျိုး၍ ဗောဓိညောင်ရေသွန်းလောင်းကြပြီး သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးသည် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးထက်သျှန်ဖြိုးအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ခန္တီး | (၀.၁၆)လက်မ |
| မိုးကောင်း | (၀.၀၈)လက်မ |

| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၂°C |
| လွိုင်လင် | ၅.၇°C |
| ဟဲဟိုး | ၆.၇°C |
| တီးတိန် | ၇°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၇.၅°C |
| ပင်လောင်း | ၉.၄°C |
| မိုင်းယန်း | ၁၁.၅°C |
| လွိုင်ကော် | ၁၂°C |
| ညောင်ရွှေ | ၁၂°C |
| လားရှိုး | ၁၂.၄°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၆ | ၂၆ |
| ရှမ်း(မြောက်) | ၁၄ | ၂၉ |
| ရှမ်း(အရှေ့) | ၁၃ | ၂၇ |
| ရှမ်း(တောင်) | ၉ | ၂၆ |
| ချင်း | ၅ | ၂၄ |
| စစ်ကိုင်း(အထက်) | ၁၆ | ၃၃ |
| စစ်ကိုင်း(အောက်) | ၁၉ | ၃၂ |
| နေပြည်တော် | ၁၈ | ၃၂ |
| မန္တလေး | ၂၁ | ၃၄ |
| မကွေး | ၁၇ | ၃၂ |
| ရခိုင် | ၁၈ | ၃၀ |
| ပဲခူး | ၁၇ | ၃၃ |
| ရန်ကုန် | ၂၁ | ၃၃ |
| ဧရာဝတီ | ၂၁ | ၃၃ |
| ကယား | ၁၂ | ၂၆ |
| ကရင် | ၂၀ | ၃၃ |
| မွန် | ၂၁ | ၃၂ |
| တနင်္သာရီ | ၂၀ | ၃၁ |

**၂၃-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ရောင်းချရ



နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၉၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ကိုပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့် အုပ်စု(စီ) အတွဲအမှတ်(၂၉၀၁)မှ (၃၆၅၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့်ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယနေ့ညနေပိုင်းတွင်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြပွဲတွင် အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း၃၀၈၅တွဲကိုနေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲကိုလည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲကိုလည်းကောင်း၊ ပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၉၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအားဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။

ယင်းအုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် ပေးချေဝယ်ယူနိုင်မည်ဖြစ်ပြီး ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် ပေးချေဝယ်ယူနိုင်မည် ဖြစ်ကြောင်း သိရသည်။

မြဝတီ

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ဝတ္ထုနှစ်မျိုး

ဖြစ်ဟန်ရှိသည်မှာ ထိုစာရေးဆရာသည် ဝတ္ထုရေးသမားတစ်ယောက်ဖြစ်၍ သူ၏ဇာတ်လိုက်များအား အပြစ်အနာအဆာ လုံးဝကင်းသည့်အနေမျိုးဖြင့် (Perfect Hero) ကြံစည်စိတ်ကူးပြီး စာဖတ်သူများက "ဘုရားတစ်ဆူ ဂူတစ်လုံး"အနေဖြင့် ကိုးကွယ်ချင်လောက်အောင် ရေးသားလာခဲ့ပုံရသည်။ ဤရေးနည်းမျိုးသည် ရှေးခေတ်က အင်္ဂလိပ်ဝတ္ထုများနှင့် ဤခေတ်မြန်မာဝတ္ထုများတွင် ခေတ်စားလျက်ရှိရာ ၎င်းတို့ကို အင်္ဂလိပ်လို Story ဟုခေါ်၍ မြန်မာလို စိတ်ကူးယဉ်ဝတ္ထုဟု ခေါ်သင့်သည်ထင်၏။ ဝတ္ထုအားလုံးသည် စိတ်ကူးယဉ်ဝတ္ထုချည်းမဟုတ်ပါလောဟုမေးခဲ့လျှင် ဤကိစ္စမှာ မြန်မာစာအသုံးအနှုန်းပေါ်လွင်အောင် မရှိသေးသည်ဖြစ်၍ အင်္ဂလိပ်စကားလုံး အကူအညီယူမှ ရှင်းပြနိုင်ပေလိမ့်မည်။ အင်္ဂလိပ်ဝတ္ထုများ၌ Story (စိတ်ကူးယဉ်ဝတ္ထု)နှင့် Novel (သဘာဝကို တိကျအောင် ဖော်ပြသောဝတ္ထု) ဟူ၍ နှစ်မျိုးရှိ၏။ ဤနှစ်မျိုးစလုံးမှာ စိတ်ကူးဖြင့် ရေးရသည်ချည်းဖြစ်သော်လည်း ပထမအမျိုးမှာ သဘာဝကျမှုထက် ဇာတ်ကွက်ဇာတ်လမ်းကို ပို၍ အလေးပေးကြသည်။ ဆိုက်ကားသမားက သူဌေးသမီးကို တက္ကသိုလ်မှ အပြန်တွင် ဆိုက်ကားနှင့် ခိုးတင်ပြေးခြင်းမှစ၍ သေရာမှ ပြန်ရှင်သည်အထိ ဇာတ်ကွက်ကို ဆင်ချင်သလို ဆင်နိုင်ခွင့်ရှိလေသည်။ လူ့သဘာဝကို မှန်ကန်တိကျအောင်တင်ပြသည့် Novel အမျိုးအစားဝတ္ထုမျိုးမှုကား ဇာတ်ကွက်ဇာတ်လမ်းကောင်းစေရန်ဆို၍ ရေးချင်သလိုရေးနိုင်သည်မဟုတ်။ ဇာတ်လမ်းမည်မျှ ကောင်းစေကာမူ သဘာဝမကျသော အဖြစ်အပျက်တစ်ခုပါသည်ဆိုလျှင် Novel အင်္ဂါနှင့် မညီဆိုဘဲ Story အဆင့်အတန်းသို့ လျှောဆင်းရပါတော့သည်။ အနောက်တိုင်းပြည်များတွင် Novel အမြောက်အမြား ကြိုးစားရေးသားလျက်ရှိပြီဖြစ်သော်လည်း မြန်မာပြည်မှ ဝတ္ထုရေးဆရာများမှာမူ Story အဆင့်အတန်းမျှလောက်သာ (အများအားဖြင့်) ရေးနေကြ၍ တချို့မှာ ဤဝတ္ထုနှစ်မျိုးတို့၏ခြားနားပုံကိုပင် သဘောပေါက်ကြသေးဟန်မရှိချေ။

### ကျွန်ုပ်၏ ရည်ရွယ်ချက်

အထက်ပါစာရေးဆရာသည် စိတ်ကူးယဉ်ဝတ္ထု Story ရေးသမားတစ်ယောက်၏အမြင်မျိုးဖြင့် ကျွန်ုပ်၏မှတ်တမ်းကို ဝေဖန်သည့်လက္ခဏာရှိ၏။ အမှန်မှာ မိမိ၏ အတ္ထုပ္ပတ္တိကို မိမိဘာသာရေးသားတင်ပြသူများသည် အထက်ပါသဘာဝဝတ္ထု Novel ရေးသမားထက်ပင် သစ္စာရှိဖို့ တာဝန်ရှိပေသည်။ ကိုယ့်အကြောင်းကို ကိုယ်ရေးကြသည့်အခါ အဆိုးတွေကို မြုပ်ထားပြီး အကောင်းတွေကို ချဲ့ထွင်ကာ တင်ပြခြင်းအားဖြင့် မိမိကိုယ်ကို ဟီးရိုးသဖွယ် အထင်ခံရအောင် ရေးချင်တတ်ကြ၏။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ကောင်းသောအချက်အလက်များကို မြုပ်ထားခြင်းအားဖြင့် နှိမ့်ချသည့်သဘောမျိုး Modesty ဖော်ပြရန်လည်း မကြိုးစား၊ (မေတ္တာတရား ပွားများခြင်းအလုပ်မျိုးကဲ့သို့) အားရပါးရရေးသားတင်ပြချင်တတ်သော်လည်း မိမိ၏ညံ့ဖျင်းသောအချက်အလက်များကိုလည်း ဖုံးဖိကွယ်ဝှက်ခြင်း မရှိ၊ ရိုးသားစွာတင်ပြဖို့ ကြိုးစားခဲ့ပါသည်။ ကျွန်ုပ်သည် မိမိကိုယ်ကို ဟီးရိုးတစ်ယောက်အနေဖြင့် အထင်ပေးလို၍ ရေးသားခြင်းမဟုတ်။ အကောင်းနှင့်အဆိုးတို့သည် ကျွန်ုပ်၏ သန္တာန်၌ ဘယ်ကဲ့သို့ဖြစ်ပေါ်ခဲ့သည့်အကြောင်းကို စာဖတ်သူတို့ သဘာဝကျကျသိစေရန်အတွက် ရည်ရွယ်ချက်ဖြင့် တင်ပြလိုခြင်းဖြစ်ပါသည်။ အကယ်၍ကျွန်ုပ်သည် အကောင်းချည်းသက်သက် စုပေါင်းဖွဲ့စည်းထား၍ (ထိုစာရေးဆရာက ထောက်ပြသည့်) အဆိုးသဘာဝမျိုး လုံးဝကင်းစင်သူတစ်ယောက်ဖြစ်ခဲ့ပါမူ ကျွန်ုပ်၏ တစ်သက်တာမှတ်တမ်းသည် စိတ်ဝင်စားဖွယ်ဖြစ်လိမ့်မည် မထင်သောကြောင့် ကျွန်ုပ်ရေးဖို့ စိတ်ကူးလိမ့်မည်ပင် မဟုတ်ပါ။ ဤမှတ်တမ်းကိုရေးရာ၌ ကျွန်ုပ်သည် မိမိကိုယ်ကို အထင်ကြီးခံလိုသော ရည်ရွယ်ချက်ထက် မိမိ၏ အတ္ထုပ္ပတ္တိကိုရေးလျှင် မည်သို့ရေးလိုက်သည်ဆိုခြင်းကို ကျွန်ုပ်နားလည်သလို တင်ပြလိုသောရည်ရွယ်ချက်က ပိုမိုလျက်ရှိပါသည်။

### ပရိသတ်ကို နှုတ်ဆက်ခြင်း

လူထုသတင်းစာတွင် ကျွန်ုပ်၏ တစ်သက်တာမှတ်တမ်းကို ထည့်သွင်းဖော်ပြခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်၍ ဤမျှလောက်ကြာရှည်သောအချိန်ကာလအတွင်း ကျွန်ုပ်၏ဆောင်းပါးများကို သည်းခံဖတ်ရှုကြသည့် စာဖတ်ပရိသတ်အား ကျေးဇူးတင်ရှိပါသည်။ ဤအကြောင်းကို ဥပမာဆောင်ရသော် စာဖတ်ပရိသတ်နှင့် ကျွန်ုပ်သည် ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းနှင့် ခရီးအတူထွက်ခဲ့ကြခြင်းနှင့် တူ၍ ကျွန်ုပ်ကား ကပ္ပတိန်၊ စာဖတ်ပရိသတ်ကား သင်္ဘောစီးခရီးသည်များနှင့် ပုံနှိုင်းချင်ပါသည်။ ကပ္ပတိန်သည် ခရီးသည်များအား ခေါ်ချင်ရာခေါ်သွား၍ ဆိုက်ချင်သောဆိပ်ကမ်း၌ ဆိုက်ပြီး ပြချင်ရာပြသကဲ့သို့ ကျွန်ုပ်သည်လည်း ရေးချင်ရာရေး၍ တွေးချင်သလိုတွေးသည့် အတွေးအခေါ်များကို စာဖတ်ပရိသတ်အား တင်ပြခဲ့ပါသည်။ သင်္ဘောစီးခရီးသည်များသည် ကပ္ပတိန်ပြသည့်ရှုခင်းများအနက် ခြောက်ကပ်ငြီးငွေ့ဖွယ်များလည်း တွေ့ရ၍ သာသာယာယာနှင့် ပျော်ရွှင်ဖွယ်ကောင်းသော အခြင်းအရာများကိုလည်းတွေ့မြင်ကြရသည့်နည်းတူ စာဖတ်ပရိသတ်သည်လည်း ကျွန်ုပ်တင်ပြသည့် အဖြစ်အပျက်များနှင့် အတွေးအခေါ်များအနက် မကြိုက်ချင်စရာ၊ လက်မခံနိုင်စရာအကြောင်းများလည်း တွေ့ကြ၍ နှစ်သက်သဘောကျသဖြင့် မှတ်သားနည်းယူချင်စရာအခြင်းအရာများလည်း တွေ့ကောင်းတွေ့ကြရပေလိမ့်မည်။ သို့ရာတွင် ခြားနားချက်တစ်ခုရှိသည်မှာ သင်္ဘောစီးခရီးသည်များသည် ကပ္ပတိန်ဆိုက်သည့် ဆိပ်ကမ်းများသို့ မလိုက်မနေရ၊ မမြင်မနေရ ရှိကြရသည်ဖြစ်သော်လည်း ကျွန်ုပ်၏ စာဖတ်ပရိသတ်မှာမူ မိမိတို့မကြိုက်သော အခြင်းအရာများပါခဲ့လျှင် မဖတ်ဘဲ ကျော်လွှားသွားနိုင်ခွင့် ရှိကြပါသည်။ ခရီးအတူသွားကြသည့် သင်္ဘောစီးခရီးသည်များသည် ကပ္ပတိန်ပြသည့်ရှုခင်းများ၌ မကြိုက်သည်နှင့် ကြိုက်သည်တို့ ရောနှောလျက်ရှိစေကာမူ နှစ်နှစ်ကျော်မျှ ခရီးအတူသွားကြရပြီး နောက်ဆုံးဆိပ်ကမ်းသို့ ဆိုက်ကပ်သဖြင့် ခွဲခွာကြသောအခါတွင် တစ်ဖက်နှင့်တစ်ဖက် ခင်မင်တာတွယ်မှု ရှိကြရမည်ဖြစ်သကဲ့သို့ ကျွန်ုပ်သည်လည်း စာဖတ်ပရိသတ်နှင့် နှစ်နှစ်ကျော်မျှ စိတ်ဓာတ်ချင်း နီးနှောခဲ့ကြပြီး၍ ဤမှတ်တမ်းကို အဆုံးသတ်တော့မည့် ယခုအချိန်တွင် (စာဖတ်ပရိသတ်က မည်ကဲ့သို့ ရှိကြမည် မပြောတတ်သော်လည်း) ကျွန်ုပ်ဘက်ကမူ စိတ်ဓာတ်ချင်းနီးနှောမှု ရပ်စဲလိုက်ရသဖြင့် ဟာတာတာဖြစ်သွားသည့်အပြင် လုပ်နေကျအလုပ်တစ်ခု လက်လွှတ်လိုက်ရသည့်နှယ် ယောင်လည်လည် ဖြစ်သွားဦးမည်ထင်ပါသည်။ သို့ရာတွင် ကျွန်ုပ်လွှတ်လိုက်သည့်ကွက်လပ်၌ သန်တုန်းမြန်တုန်းအရွယ် ဖြစ်သည့်အလျောက် အစစအရာရာကို ကျွန်ုပ်ထက် လျင်မြန်ထက်သန်စွာ ရေးသားဖော်ပြနိုင်စွမ်းရှိသည့် ကလောင်ရှင်တစ်ဦးက နေရာယူလိမ့်မည်ဟု သိရှိထားရသည့်အတွက်ကြောင့် စာဖတ်ပရိသတ်အဖို့ ဆုံးရှုံးခြင်းမရှိနိုင်သည့်အပြင် အပြောင်းအလဲသဘောမျိုးနှင့် အရသာတစ်မျိုးပင် တွေ့ကြရလိမ့်မည်ဟု မျှော်လင့်နိုင်ကြပါသည်။

ကျွန်ုပ်အဖို့ အနာဂတ်ရေးရာကို ဖော်ပြရလျှင် ကျွန်ုပ်မှာ မေတ္တာစိတ်ဓာတ်ပွားများဖို့ ကြိုးစားအားထုတ်လျက်ရှိသောအချိန်မှစ၍ ကမ္ဘာစစ်ကြီးဖြစ်မည့်အရေးကို ကမ္ဘာသူကမ္ဘာသားများအတွက် (ရှင်ဘုရင်အတွက် ငဝက်က ကြောင့်ကြသည်ဟု ဆိုချင်ဆို) စိုးရိမ်ပူပန်လျက်ရှိသည်ဖြစ်၍ တစ်နေ့အတွင်း အကြိမ်ပေါင်းများစွာ သတိရလျက်ရှိပါသည်။ ဤမှတ်တမ်းတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်၏စိတ်မှာ အလွန်ကြီးကျယ်လှ၍ 'ဆင်ခေါင်းခွေးမချီနိုင်' ဆိုသော စကားကဲ့သို့ ဖြစ်နေရာတွင် ကျွန်ုပ်ကိုယုံကြည်သော စေတနာရှင်များ၏ ထောက်ပံ့ကူညီခြင်းကို ခံယူရရှိလျှင်လည်း ရရှိစေ။ သို့မဟုတ်ပါက ကမ္ဘာ့ရေးရာကို ကျောခိုင်းပြီး ကိုယ်ရေးကိုယ်တာအတွက် အလွတ်ရုန်းသည့် အလုပ်မျိုးဖြစ်သော ဒိဋ္ဌေဓမ္မဒိဋ္ဌမတ္တံ့ကျင့်စဉ်ကိုသာ သဲသဲမဲမဲပြန်ကောက်ဖို့ကြံရွယ်ပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ကလောင်လောကမှတစ်ခါတည်း ကွယ်ပျောက်သွားဦးမည်တော့ မဟုတ်ပါ။ ဝမ်းစာအဖို့ လုံလောက်ရုံလေးအတွက်မူ ရံဖန်ရံခါ 'မလိုလဲ လိုလဲ'ရေးသားရဦးမည် ဖြစ်ပါသတည်း။ **ပြီးပါပြီ။**



**ဤဂန္ထဝင်စာပေပြီးဆုံးပါက စာရေးဆရာမ မစန္ဒာ၏ "အရိပ်"ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။**

---

# အောင်လံမြို့နယ်၌ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

အောင်လံ နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက်က ကျင်းပသည်။

ရေးဦးစွာ သင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက အဖွင့်အမှာစကားပြောကြားရာတွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများမှ နိုင်ငံတော်အတွက် အစိုးရတစ်ရပ်ပေါ်ထွန်းလာစေရန် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကြိုက်နှစ်သက်သည့် နိုင်ငံရေးပါတီလွှတ်တော်ကိုယ်စားလှယ်လောင်းများအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆန္ဒမဲပေးမှုအပေါ်တွင် သက်ဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်းဘက်မလိုက်ဘဲ မဲရလဒ်များ တိကျစွာ အဆုံးအဖြတ်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးအောင်မျိုးဟန်က ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ရေးဥပဒေအကြောင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစိုးနိုင်က မဲရုံမှူးများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်များပြပွဲနှင့်ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များနှင့် စားသောက်ကုန်များအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင်လူသားအရင်းအမြစ်များစွာ လိုအပ်၊ ထို့ကြောင့် မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ် . . .**

**❖ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးသည့်ဧက ၂ သောင်းခန့်ရှိသည်ကိုတွေ့ရှိရသဖြင့် အဆိုပါဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များကို စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိမည်ဖြစ် . . .**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်များပြပွဲနှင့်ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များနှင့် စားသောက်ကုန်များအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**၁ ကျောဖုံးမှအဆက်**

ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကဏ္ဍကြီးများအလိုက်ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သီးနှံများပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အရန်ဆန်များသိုလှောင်ထားရှိမှု၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ချေးပေးထားမှု၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ One Region One Product(OROP) လုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ မအူပင်မြို့နယ် အားကစားကွင်းအား အဆင့်မြှင့်တင်ပေးရန်လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေးအတွက် စိုက်ပျိုးရေးတောင်သူများအား ချေးငွေများတိုးမြှင့်ထုတ်ချေးပေးစေလိုမှု၊ စပါးအခြောက်ခံစက်များလိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် ငါးစာများလုံလောက်စွာထုတ်လုပ်ရရှိနိုင်ရေး ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လိုအပ်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးမှုကြောင့် မွေးမြူရေးလုပ်ငန်းများတိုးတက်လာမှုနှင့်မြေနေရာများထပ်မံလိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကန်ပေါင်များပေါ်၌ ဝါးပင်များစိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မှု၊ အုန်းချိုမွှေးများစိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ ဈေးကွက်သို့ဖြန့်ဖြူးရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ပြည်ထောင်စုဝန်ကြီးများနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေများကိုနိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ စပါးအခြောက်ခံစက်နှင့် သီးနှံအခြောက်ခံစက်များ လိုအပ်မှုနှင့်ပတ်သက်၍ လိုအပ်ပါက ပြည်ပမှမှာယူတင်သွင်းဆောင်ရွက်ပေးနိုင်ပြီး အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း ဝယ်ယူနိုင်မှု၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည့်မြေနေရာများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဆန်၊ စပါး Export Zone ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပေါ်ဆန်းမွှေးစပါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် မအူပင်ဒေသသည် ဧရာဝတီတိုင်းဒေသကြီး၏ အရေးပါသည့် နေရာတွင်တည်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)အား ၂၀၂၁ ခုနှစ်ခန့်ကတည်းကဖွင့်လှစ်ရန် ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင်လူသားအရင်းအမြစ်များစွာ လိုအပ်ကြောင်း၊ ထို့ကြောင့် မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများဖြင့်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသော်လည်း ထင်သလောက်အောင်မြင်မှုမရရှိခဲ့ကြောင်း၊ အများစုမှာကျေးလက်တွင်နေထိုင်ကြသူများဖြစ်ပြီးခေတ်မီသည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရန် စိန်ခေါ်မှုများရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်များအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

**ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အချိုးညီညီတိုးတက်စေရေး တက္ကသိုလ်များကိုဖွင့်လှစ်ထားသော်လည်း အချို့ပြည်နယ်များတွင်ကျောင်းသား၊ ကျောင်းသူတက်ရောက်မှုနည်းပါးနေ**ကြောင်း၊ **ထို့ကြောင့် ပိုလီတက္ကနစ်နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်မားရေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကိုတက်ရောက်ပြီး အဆင့်မြင့်ပညာရပ်များကိုသင်ကြားနိုင်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်းနည်းပါးလာခြင်းကြောင့် တက္ကသိုလ်သို့တက်ရောက်သင်ကြားသူများ နည်းပါးလာခြင်းဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များပေါ်များစေရေး မအူပင်ခရိုင်အနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့ နိုင်ငံ၏စပါးကျီတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်

**စာမျက်နှာ ၆ သို့ ၁**

➲ စာမျက်နှာ ၅ မှအဆက်

သီးနှံများထွက်ရှိမှုသည် ထိုက်သင့်သည့် အထွက်နှုန်းဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မည်သို့ဆောင်ရွက်၍ရမည်ကို စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြည်ပသို့တင်ပို့နိုင်ရေး ပိုမိုတိုးတက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျ စမ်းသပ်ထားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစိုက်ပျိုး၍ရသည့် ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပေါ်ဆန်းမွှေးစပါးကိုသာမက အခြားသီးနှံများကိုလည်း အထွက်နှုန်းကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့်နည်းလမ်း(၄) သွယ်ဖြင့် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရမည်၊ မြေအခြေအနေကောင်းမွန်ရမည်၊ ရေလုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အထက်ပါနိယာမများကိုလိုက်နာဆောင်ရွက်သွားမည်ဆိုပါက မိမိတို့စိုက်ပျိုးသည့်သီးနှံများများစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်းစိုက်ပျိုးရေးအသိပညာပေးခြင်းကိုလည်းဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည်နိုင်ငံတကာဈေးကွက်ဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ အများအားဖြင့် ကုန်းမြင့်ကော်ဖီကို စိုက်ပျိုးကြကြောင်း၊ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးသည့် ဧက ၂ သောင်းခန့်ရှိသည်ကိုတွေ့ရှိရသဖြင့် အဆိုပါဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များကို စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း။

အုန်းချိုမွှေးစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးများစွာဖြစ်ထွန်းစေကြောင်း၊ အုန်းနှင့်ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ အုန်းထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိမည်ဖြစ်ကြောင်း၊ ဒေသအလိုက် အရိပ်ရလေကာပင်များ စိုက်ပျိုးကြရန် လိုကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် အုန်းပင်များနှင့် အရိပ်ရလေကာပင်များသည် ထိုက်သင့်သည့် အကာအကွယ်ပေးနိုင်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ အလားတူ ကြက်၊ ဝက်၊ နွား၊ ဘဲမွေးမြူခြင်းများနှင့်ပတ်သက်၍လည်း ပိုမိုတိုးတက်မွေးမြူဆောင်ရွက်ကြစေလိုကြောင်း။

မြို့နှင့်ပတ်သက်၍ မြို့တွင်း၌ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုသကဲ့သို့ မြို့နေပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်အတွက် လိုအပ်သည့် ဘောလုံးအားကစားကွင်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မအူပင်မြို့ရှိ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

❖ **လာမည့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးကြစေလို . . .**

❖ **ကိုယ်စားလှယ်များကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေးစိစစ်ဆောင်ရွက်ပေးလျက်ရှိ၊ အဓိကအားဖြင့် တိုင်းပြည်နှင့်ဒေသအကျိုးကို စေတနာထား၍ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကို စဉ်းစားရွေးချယ်၍ဆန္ဒမဲပေးကြစေလို . . .**

လာမည့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး ထိုအချိန်ကတာဝန်ရှိသူများအနေဖြင့်ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံးဆန္ဒမဲပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တိုင်းပြည်နှင့်ဒေသအကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးအမြင်ရှိသူများကို စဉ်းစားရွေးချယ်၍ဆန္ဒမဲပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များ၊ စားသောက်ကုန်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး






ရန်ကုန် နိုဝင်ဘာ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီမင်းက သင်တန်းကျောင်း၏ သမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အရာထမ်းများနှင့် လည်းကောင်း၊ အောင်ဆန်းခန်းမ၌ အရာထမ်းအမှုထမ်း ၁၀၉ ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ဆင်း ကျောင်းသား၊ ကျောင်းသူ ၁၁၇ ဦးတို့နှင့် လည်းကောင်း တွေ့ဆုံမှာကြားပြီး သင်တန်းသားများနှင့် ဝန်ထမ်းမိသားစုများအား အခြေခံစားကုန်များနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများ၏ အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားဖိုဆောင်များ၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊ သုံးထပ်ရုံးအဆောက်အအုံရှိ စာကြည့်တိုက်နှင့်စာသင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ မြဝတီ

# စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ (အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဌာနပေါင်းစုံ (အမျိုးသား)ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာလ ၂၃ ရက်တွင် စစ်ကိုင်းမြို့ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပရာ ပညာရေး(က)အသင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ခ)အသင်းကို ၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ စစ်ကိုင်းခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က ပထမဆုရရှိသော ပညာရေး(က)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်တံခွန်စိုက်ဆုဖလား၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူးနှင့်တာဝန်ရှိသူများက ဒုတိယ၊ တတိယ၊ စတုတ္ထဆုရရှိကြသောအသင်းများနှင့် နေရာအလိုက်အကောင်းဆုံးကစားသမားဆုရရှိကြသူများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

## ၂၃-၁၁-၂၀၂၅ ထူးခြားသည့်ညအပူချိန်များ

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

(ရှမ်းပြည်နယ်တောင်ပိုင်း)

# ဇိုမီးအမျိုးသားပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၃**

**ဇိုမီးအမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်ကိုင်းအင်းကျိန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုဝင်ဘာလ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဒေါ်ကိုင်းအင်းကျိန်**
**(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဇိုမီးအမျိုးသားပါတီ)**

**မင်္ဂလာပါရှင့်**

ကျွန်မနာမည် ဒေါ်ကိုင်းအင်းကျိန်ဖြစ်ပါတယ်ရှင့်။ လက်ရှိပါတီတာဝန်ကတော့ ဇိုမီးအမျိုးသားပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်ပါသည်။ ယခုအချိန်မှစ၍ ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါသည်။

ဇိုမီးမိဘပြည်သူများရှင့် … မကြာမီစတင်ကျင်းပပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲ၌ ကျွန်မတို့ဇိုမီးအမျိုးသားပါတီသည်လည်း လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသဖြင့် နိုင်သည့်ဘက်မှ ဝိုင်းဝန်းထောက်ခံရပ်တည်ပေးနိုင်ရန် ပထမဦးစွာတင်ပြလိုပါသည်။ လာမည့်အထွေထွေရွေးကောက်ပွဲတွင် မိဘပြည်သူများ ဆုံးဖြတ်ချက်မမှားစေရန်နှင့် ဇိုမီးတိုင်းရင်းသားများ နောက်ကောက်မကျန်ရစ်စေရန်အတွက် အချိန်မီပြင်ဆင်သင့်သည်များ ပြင်ဆင်နိုင်ဖို့လည်း အသိပေးနှိုးဆော်လိုပါသည်။ ကျွန်မတို့ဇိုမီးအမျိုးသားပါတီအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် တည်ဆဲဥပဒေဘောင်များအတွင်း၌သာ အဖြေရှာနိုင်မည်ဟုအခိုင်အမာ ယုံကြည်ပါသည်။

ထို့ပြင် ကျွန်မတို့ဇိုမီးအမျိုးသားပါတီ၏ နိုင်ငံရေးသဘောထား ရပ်တည်ချက်များမှာ ဇိုမီးတိုင်းရင်းသားများအပါအဝင် မြန်မာပြည်တွင် မှီတင်းနေထိုင်သော တိုင်းရင်းသားအားလုံးတို့၏ နိုင်ငံရေးအရ တန်းတူညီမျှရရှိဖို့နဲ့ အနှစ်သာရပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာ အင်အားစုအသီးသီးတို့နဲ့ လက်တွဲအကောင်အထည်ဖော်တည်ဆောက်ဖို့ ကြိုးစားဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို အောက်ပါအတိုင်းတင်ပြသွားမှာဖြစ်ပါတယ်ရှင့်။

**အခြေခံမူများ**

(၁) ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်မြှင့်တင်ရေး။

(၂) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ပီပြင်စွာပေါ်ထွန်းရေးအတွက် အခြားသောညီအစ်ကို တိုင်းရင်းသားများနှင့် အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) ဇိုမီးတိုင်းရင်းသားများ၏ ဥစ္စာဓန၊ အမိမြေ၊ ကိုးကွယ်သည့် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအား ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်၊ မြှင့်တင်ရေး။

(၄) နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာသော လူ့အသိုက်အဝန်းတည်ဆောက်ရေးနှင့် လွတ်လပ်ရေးအဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေး။

(၅) မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဇိုမီးတိုင်းရင်းသားများအား ကိုယ်စားပြုအရေးဆိုနိုင်ရေးတို့ဖြစ်ပါသည်။

ကျွန်မတို့ဇိုမီးအမျိုးသားပါတီ၏ အဓိကရည်ရွယ်ချက်များကိုလည်း ဆက်လက်တင်ပြသွားမှာဖြစ်ပါသည်။

**ရည်ရွယ်ချက်**

(၁) ဇိုမီးတိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်ရေး ရရှိအောင်ဆောင်ရွက်သွားမယ်။

(၂) အခြေခံလူ့အခွင့်အရေးများရရှိရေးနှင့် ဒီမိုကရေစီအခွင့်အရေး ကြောင့်လူနည်းစု၏အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး ထိခိုက်ဆုံးရှုံးမှုမရှိဘဲ အထိအခိုက်မရှိအောင်ဆောင်ရွက်မယ်။

(၃) အမိမြန်မာနိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုပြီးတိုးတက်မြင့်မားရေး ကြိုးပမ်းမယ်။

(၄) ဇိုမီးတိုင်းရင်းသားများ ဘိုးဘွားစဉ်ဆက်နေထိုင်သည့် ဒေသများနှင့်ဆက်စပ်တဲ့ ဒေသအားလုံးတစ်ပြေးညီဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်သွားမယ်။

(၅) လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်ကြိုးပမ်းမယ်။

(၆) ဇိုမီးဒေသအတွင်းထွက်ရှိသော သဘာဝသယံဇာတများ၏ ထိုက်သင့်သော အကျိုးခံစားခွင့်များကို ဇိုမီးတိုင်းရင်းသားများရရှိအောင် ကြိုးစားဖော်ဆောင်မယ်။

(၇) ဇိုမီးဒေသအတွင်းရှိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ထိုလမ်းကြောင်းများမှရရှိသော အခွန်အခ သို့မဟုတ် အကောက်ခွန်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့်ဒေသန္တရဒေသများရှိ ပြည်သူများ သာတူညီစွာ ရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

တစ်ဆက်တည်းတွင် ဆက်လက်၍ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း မိဘပြည်သူများသိရှိနိုင်ပါရန် တင်ပြဆွေးနွေးသွားမှာဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်သော ပြည်သူလူထု တစ်ရပ်လုံး၏ ဒီမိုကရေစီအခွင့်အရေးကို ထောက်ခံကာကွယ်ရေး။

(၂) တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေး၊ တရားမျှတသော တန်းတူအခွင့်အရေးရရှိရေး စသည်တို့ကို အခိုင်အမာတည်ဆောက်ရင်း၊ ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး။

(၃) လွတ်လပ်၍ပွင့်လင်းသော နိုင်ငံရေးမူဝါဒကိုကျင့်သုံးရင်း ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး။

(၄) နိုင်ငံသားတိုင်းနှင့်လူနည်းစုများ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများနှင့် မိမိလိုချင်သည့် အသက်မွေးဝမ်းကျောင်းပညာအရပ်ရပ်တို့အား လွတ်လပ်စွာလေ့လာဆည်းပူးနိုင်ရေးအတွက် အခွင့်အလမ်းများကိုဖော်ဆောင်ပေးနိုင်ရေးတို့ဖြစ်ပါသည်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတင်ပြလိုတာကတော့ ဇိုမီးမိဘပြည်သူများအနေဖြင့် သိထားရမည်မှာ အခြားသောသက်ဆိုင်ရာတိုင်းရင်းသားညီအစ်ကိုအသီးသီးတို့သည်လည်း မိမိတို့တိုင်းရင်းသားလူမျိုးကို ကိုယ်စားပြုသောပါတီကိုသာလျှင် ထောက်ခံဆန္ဒမဲပေးရွေးကောက်တင်မြှောက်ကြမည်မှာကေန်မလွဲဖြစ်ပါသည်။ ထို့ကြောင့် ဇိုမီးမိဘပြည်သူများအနေဖြင့်လည်း ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မယ့် မိမိတို့လူမျိုးကိုကိုယ်စားပြုသည့် ဇိုမီးအမျိုးသားပါတီကိုသာ ထောက်ခံဆန္ဒမဲပေးရွေးကောက်တင်မြှောက်ကြပါရန် ကျွန်မအနေဖြင့် အလေးအနက်ထားနှိုးဆော်တိုက်တွန်းချင်ပါတယ်ရှင့်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

# လဲချားမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်


**လဲချား နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာအောင်မြင့်သူဦးဆောင်သော အထွေထွေရောဂါအထူးကုဆရာဝန်ကြီးများပါဝင်သောဆေးကုသရေးအဖွဲ့သည် နိုဝင်ဘာလ ၂၂ ရက် နံနက်ပိုင်းက သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သံဃာတော်များနှင့်ဒေသခံပြည်သူ စုစုပေါင်း ၅၆ ဦးတို့အား ကလေးရောဂါ၊ အရိုးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ရောဂါများရှာဖွေစစ်ဆေးခြင်း၊ ကျန်းမာရေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ လွိုင်လင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့်အဖွဲ့ဝင်များ၊ လဲချားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၁၄)



# လက်သည်းခွံကို ကျန်းမာစေသောအစားအစာများ

ပေါက်ပေါက်

### လက်သည်းခွံအကြောင်းသိကောင်းစရာ

- ဆံပင်နဲ့ ခန္ဓာကိုယ်အရေပြားမှာလိုပဲ လက်သည်းခွံတွေကိုလည်း Keratin အလွှာတွေနဲ့ တည်ဆောက်ထားပါတယ်။
- မာကျောပြီး မျက်စိနဲ့တွေ့မြင်ရတဲ့လက်သည်းခွံကို Nail Plate၊
- လက်သည်းခွံတစ်ဝိုက်အရေပြားကို Nail Folds၊
- လက်သည်းခွံအောက်အရေပြားအသားကို Nail Bed၊
- လက်သည်းခွံအောက်ပိုင်း အဖြူရောင်အဝိုက်လေးကို Lunula၊
- လက်သည်းခြေရင်းပိုင်းတစ်သျှူးတွေကို Cuticle နဲ့
- Nail Bed အစပ်နားကနေ လက်သည်းတွေ ရှည်ထွက်လေ့ရှိကြပြီး အဲဒီလက်သည်းထွက်လာတဲ့နေရာကို Matrix လို့ခေါ်ပါတယ်။

American Academy of Dermatology ရဲ့ မှတ်တမ်းတွေအရ လက်သည်းခွံတွေက တစ်လကို ၂ မီလီမီတာကနေ ၃ မီလီမီတာ ရှည်ထွက်လေ့ရှိပြီး ခြေသည်းခွံတွေကတော့ လစဉ် ၁ မီလီမီတာရှည်ထွက်ကြပါတယ်။ အထူးသဖြင့် လက်သည်းတွေကို များများအသုံးပြုရတဲ့သူတွေနဲ့ ပူအိုက်တဲ့နွေရာသီတို့မှာ အရှည်မြန်တတ်ကြောင်း လေ့လာမှတ်သားရပါတယ်။

### လက်သည်းခွံကို ကျန်းမာစေသောအစားအစာများ

ကျန်းမာကြံ့ခိုင်တဲ့ လက်သည်းရဖို့ သင့်တင့်လျောက်ပတ်တဲ့အစားအစာတွေကိုမှန်ကန်စွာရွေးချယ်တတ်ဖို့လိုပါတယ်။ ဒါမှမဟုတ်ရင် လက်သည်းခြောက်သွေ့အားနည်းလာပြီး အလွယ်တကူကွဲအက်ပဲ့ထွက်သွားနိုင်ပါတယ်။ အောက်ဖော်ပြပါ အစားအစာတွေကိုစားသုံးရင် သင့်လက်သည်းကို ကောင်းစွာစောင့်ရှောက်ထားနိုင်ပါလိမ့်မယ်။

### ခရမ်းချဉ်သီး

ဗီတာမင်– C ကို ခရမ်းချဉ်သီးကနေ အလုံအလောက်ရရှိနိုင်ပါတယ်။ ခရမ်းချဉ်သီးထဲမှာပါရှိတဲ့ Lycopene နဲ့ ဘိုင်အိုတင်တို့က လက်သည်းခွံတွေအတွက် ထူထဲမာကျောမှုကိုပေးစွမ်းနိုင်ပါတယ်။ ဒ့ါပြင် လက်သည်းတွေ ကွဲအက်ပဲ့ထွက်တာကိုလည်းမဖြစ်စေနိုင်ပါဘူး။ လက်သည်းခွံမျက်နှာပြင်ကိုလည်း ပြောင်လက်ချောမွေ့စေပါတယ်။ ဒါပေမဲ့ အနီရောင်ရဲရဲခရမ်းချဉ်သီးကို တစ်ရက်ကိုနှစ်လုံး နေ့စဉ်အစိမ်းလိုက်ဝါးစားမှသာ ဖော်ပြပါအကျိုးကျေးဇူးတွေကိုရရှိနိုင်ပါလိမ့်မယ်။

### သောက်ရေသန့်

ခန္ဓာကိုယ်ကို အမြဲတစေရေဓာတ်ပြည့်ဝနေဖို့လိုပါတယ်။ ရေဓာတ်ချို့တဲ့ခြင်းက ဘက်စုံကျန်းမာရေးကို ကြီးစွာသော ဒုက္ခပေးနိုင်သကဲ့သို့ လက်သည်းခွံတွေအတွက်ကိုလည်း ဆိုးကျိုးဖြစ်စေပါတယ်။ ရေဓာတ်က လက်သည်းခွံတစ်ပြင်လုံးရဲ့အောက်ခြေမှာရှိတဲ့ အသားလွှာမျက်နှာပြင်ကိုကျန်းမာစေပြီး လက်သည်းတွေရှည်ထွက်လာစေဖို့ အထောက်အပံ့ကောင်းဖြစ်စေပါတယ်။

### ကန်စွန်းဥ

ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ ဘီတာကယ်ရိုတင်း(ခေါ်) ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးကို ကန်စွန်းဥထဲမှာ ကြွယ်ဝစွာရရှိနိုင်ပါတယ်။ ဘီတာကယ်ရိုတင်းက ခန္ဓာကိုယ်ထဲရောက်ရှိသွားတဲ့အခါ ဗီတာမင် – A အဖြစ်ပြောင်းလဲသွားပြီးနောက် ဆဲလ်တွေကို ကြီးထွားလာစေပြီး လက်သည်းတွေကိုလည်း ဖွံ့ဖြိုးလာအောင် အကူအညီပေးပါတယ်။ လက်သည်းတွေ ကွဲအက်ခြောက်သွေ့နေခြင်းက ခန္ဓာကိုယ်ထဲမှာ ဗီတာမင် – A ချို့တဲ့နေတဲ့လက္ခဏာပါ။

### ရွှေဖရုံစေ့

ဇင့်ဓာတ်က လက်သည်းတွေကြီးထွားဖွံ့ဖြိုးဖို့ မရှိမဖြစ်တဲ့အရာပါ။ ဇင့်ဓာတ်အမြောက်အမြားကို ရွှေဖရုံစေ့ကနေ လုံလောက်စွာရရှိနိုင်ပါတယ်။ ရွှေဖရုံစေ့က ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းစွာအလုပ်လုပ်စေပြီး ခန္ဓာကိုယ်ထဲမှာရှိတဲ့ ပရိုတင်းထုတ်လုပ်မှုကို အကူအညီပေးပါတယ်။ အဲဒီအခြေအနေကပဲ လက်သည်းတွေကို ကျန်းမာကြံ့ခိုင်စေပါတယ်။ ဒ့ါပြင် လက်သည်းပေါ်မှာရှိတဲ့ အဖြူရောင်အစက်အပြောက်တွေကိုလျှော့ချပေးနိုင်ပါတယ်။ နေ့စဉ် ရွှေဖရုံစေ့လှော် လက်တစ်ဆုပ်စာပမာဏကိုစားပေးခြင်းက အခုလို အကျိုးကျေးဇူးတွေကိုရရှိနိုင်ပါလိမ့်မယ်။

### ဗိုလ်စားပဲသီး

အစိမ်းရောင်ဗိုလ်စားပဲသီးထဲမှာပါရှိတဲ့ ဆီလီကွန်ဓာတ်က လက်သည်းတွေ မာကျောစေတာ၊ လက်သည်းခွံသိပ်သည်းဆထူထဲတာ၊ လက်သည်းအရှည်မြန်တာတို့ကို ထောက်ပံ့ပေးနိုင်ပါတယ်။

### ကြက်ဥ

လက်သည်းတွေကို သဘာဝအလျောက် Keratin ပရိုတင်းတစ်မျိုးနဲ့ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ တောကြက်ဥ(ခေါ်) အဖြူရောင်ကြက်ဥထဲမှာ အဆင့်အတန်းမီ ပရိုတင်းဓာတ်တွေပါရှိနေပါတယ်။ ကြက်ဥထဲမှာရှိတဲ့ ပရိုတင်းက ခန္ဓာကိုယ်ကိုကောင်းကျိုးပြုပြီး လက်သည်းပရိုတင်းကိုလည်း အားဖြည့်ပေးပြီး လက်သည်းတွေ ကျန်းမာကြံ့ခိုင်မှုကို ပေးစွမ်းနိုင်ပါတယ်။

### ငှက်ပျောသီး

ငှက်ပျောသီး တစ်နေ့နှစ်လုံးစားပါ။ ငှက်ပျောသီးမှည့်ထဲမှာရှိတဲ့ ဇင့်နဲ့စီလီကာသတ္တုဓာတ်တွေက လက်သည်းတွေကို ကြံ့ခိုင်စေပါတယ်။ ဒ့ါပြင် ငှက်ပျောသီးထဲမှာရှိတဲ့ သဘာဝ ဗီတာမင်–B6 ဓာတ်ကလည်း လက်သည်းခွံတွေကို ကျန်းမာစေဖို့ အထောက်အပံ့ပေးပါတယ်။

### အဆီများသောငါး

အဆီများတဲ့ငါးတွေမှာ Omega – 3 Fatty Acid ကြွယ်ဝစွာပါရှိနေကြပြီး ယင်းအက်စစ်က ခန္ဓာကိုယ်တစ်ခုလုံးအတွက် သွေးလည်ပတ်စီးဆင်းမှုကိုတိုးတက်ကောင်းမွန်စေပါတယ်။ ဒ့ါပြင် လက်သည်းတစ်ပြင်လုံးကို အာဟာရဖြစ်စေပြီး ကျန်းမာကြံ့ခိုင်စွာ လက်သည်းအရှည်မြန်စေပါတယ်။ ငါးသေတ္တာ၊မက်ကရယ်ကဲ့သို့သော ပင်လယ်ငါးကြီးတွေ၊ တူနာငါး၊ ဆယ်လ်မွန်ငါးတို့က လက်သည်းကို အာဟာရဖြစ်စေပြီး ချောမွေ့စေတာ၊ အရောင်တောက်ပတာတို့ကို ကောင်းကျိုးပြုပါတယ်။

### မုန်လာဥနီ

ဗီတာမင်–A ကြွယ်ဝတဲ့ မုန်လာဥနီကို အစိမ်းလိုက် ဝါးစားပေးပါ ဒါမှမဟုတ် မုန်လာဥနီဖျော်ရည်သောက်ပါ။ မုန်လာဥနီက လက်သည်းတွေ ပျော့တာ၊ ပဲ့ထွက်တာ၊ ကျိုးတာနဲ့ ခြောက်သွေ့တာတို့ကနေ ကာကွယ်ပေးနိုင်ပါတယ်။

### နွားနို့

ကယ်လ်စီယမ်အရင်းအမြစ်ဖြစ်တဲ့ နွားနို့က လက်သည်းတွေအတွက် ခွန်အားဖြစ်စေတာ၊ အရှည်မြန်စေတာ စတဲ့ကောင်းကျိုးပြုပါတယ်။ အကယ်၍ သင့်ခန္ဓာကိုယ်ထဲမှာ ကယ်လ်စီယမ်ဓာတ်အားနည်းနေရင် လက်သည်းတွေ ကြွပ်ဆတ်ပဲ့ထွက်ပြီး ခြောက်သွေ့လာပါလိမ့်မယ်။ နွားနို့ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်တစ်ခွက်စီသောက်ပါ။ နွားနို့သောက်စဉ်မှာ ဗီတာမင်–D ကြွယ်ဝတဲ့မှိုနဲ့ကြက်ဥတို့ကို တွဲဖက်စားသောက်ပေးခြင်းက လက်သည်းတွေကို ပိုမိုမာကျောပြီး အရှည်မြန်စေပါတယ်။

### ဘရိုကိုလီ(ခေါ်)ပန်းဂေါ်ဖီစိမ်း

သံဓာတ်က သွေးနီဥဆဲလ်ကို အာဟာရပြုပြီး တစ်သျှူးထဲမှာရှိတဲ့ အောက်ဆီဂျင်ပမာဏကိုတိုးပွားစေနိုင်တာကြောင့် ခန္ဓာကိုယ်နဲ့ လက်သည်းတွေအတွက် မရှိမဖြစ်အရာပါ။ ဒ့ါပြင် လက်သည်းတွေ အရောင်မွဲခြောက်ခြင်းနဲ့ ကွဲအက်ပဲ့ထွက်ခြင်းကနေ ကာကွယ်ပေးနိုင်ပါတယ်။

### ပရိုတင်းကြွယ်ဝသောအစားအစာများ

လက်သည်းကျန်းမာရေးအတွက် မိမိစားသုံးတဲ့ တစ်နေ့တာအာဟာရကနေ ပရိုတင်းဓာတ်အလုံအလောက်ရနိုင်ဖို့ အရေးကြီးပါတယ်။ ပရိုတင်းဓာတ်ကြွယ်ဝတဲ့ အစားအစာတွေကတော့ အနီရောင်ခြေလေးချောင်းသားတွေ၊ ကြက်၊ အဆီနည်းတဲ့ နို့ထွက်ပစ္စည်းအမျိုးမျိုး၊ ငါး၊ ကြက်ဥ၊ ဘဲဥနဲ့ဥအမျိုးမျိုး၊ တိရစ္ဆာန်အသည်း၊ ကောက်နှံအမျိုးမျိုး၊ အခွံမာသီးအစေ့အဆန်တွေ၊ ပဲပိစပ်တို့ဖြစ်ကြပါတယ်။

### ကိုက်လန်

သဘာဝဟင်းသီးဟင်းရွက်အစိမ်းရောင်ကိုက်လန်ထဲမှာ ဗီတာမင်–C ကြွယ်ဝစွာပါရှိနေတဲ့အပြင် လက်သည်းတွေ ကျန်းမာကြံ့ခိုင်စေဖို့ မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်နှင့်သတ္တုဓာတ်တွေကိုလည်း ကိုက်လန်ကနေ ရရှိနိုင်ပါတယ်။ ကိုက်လန်လတ်လတ်ဆတ်ဆတ်ကို အစိမ်းလိုက်ဝါးစားပါ။

### ဘိုင်အိုတင် (Biotin) ကြွယ်ဝသောအစားအစာများ

ဘိုင်အိုတင်လို့ခေါ်တဲ့ ဗီတာမင်–B ဓာတ်က ကျိုးပဲ့လွယ်တဲ့ လက်သည်းတွေကို ကောင်းစွာကုသပေးနိုင်ပါတယ်။ လက်သည်းတွေ မာကျောစေပါတယ်။ ဒ့ါပြင် လက်သည်းခြောက်သွေ့တာ၊ လက်သည်းအရောင်မည်းတာကိုလည်း ကာကွယ်ပေးပါတယ်။ ဘိုင်အိုတင်ကြွယ်ဝတဲ့အစားအစာတွေကတော့ ဗာဒံစေ့၊ မြေပဲ၊ ဆိတ်နို့ရည်၊ ဒိန်ချဉ်၊ ခရမ်းချဉ်သီး၊ ကြက်ဥ၊ ဘဲဥတို့ဖြစ်ပါတယ်။

### ဆာလ်ဖာ (Sulpha) ဓာတ်ကြွယ်ဝသောအစားအစာများ

ဆာလ်ဖာဓာတ်က ခန္ဓာကိုယ်ထဲမှာရှိတဲ့ အယ်လ်ကာလီအက်စစ်ကို မျှတစေရုံသာမက လက်သည်းတွေ ကျန်းမာသန်စွမ်းစေဖို့ မရှိမဖြစ်အရာပါ။ ဒါကြောင့် ဆာလ်ဖာဓာတ်ကြွယ်ဝတဲ့ အစားအစာတွေဖြစ်ကြတဲ့ ငါး၊ အသား၊ ချိစ်၊ အခွံမာသီးအစေ့အဆန်တွေနဲ့ ကြက်ဥ၊ ဘဲဥစတဲ့ဥအမျိုးမျိုးတို့ကို နေ့စဉ်အစားအစာအဖြစ်မှီဝဲပါ။

### သတိပြုရန်

အကယ်၍ သင့်လက်သည်းက အရောင်ဖျော့ဖျော့ ဒါမှမဟုတ် ပြာလဲ့လဲ့အရောင်ဖြစ်နေရင် သွေးအားနည်းရောဂါဖြစ်နေလို့ သတိပြုပါ။ ထိခိုက်အနာတရဖြစ်ခြင်းကြောင့် လက်သည်းပေါ်မှာ အဖြူရောင်အစက်အပြောက်တွေပေါ်လာရခြင်းဖြစ်ပါတယ်။ လက်သည်းပေါ်မှာ အနက်ရောင်အစက်အပြောက်ပေါ်ခြင်းက Melanoma (ခေါ်)ကုသမရနိုင်တဲ့ အရေပြားအဖုအကျိတ်ရောဂါတစ်မျိုးဖြစ်နေတဲ့ လက္ခဏာပဲဖြစ်ပါတယ်။

လက်သည်းကို ခွန်အားဖြစ်စေတဲ့ အစားအစာတွေစားရုံနဲ့တော့ ခန္ဓာကိုယ်တွင်းက ရောဂါတွေပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ပါဘူး။ အထက်ဖော်ပြပါ အစားအစာတွေက လက်သည်းကိုကျန်းမာပြီး အရှည်မြန်စေရုံသာဖြစ်ပါတယ်။ လက်သည်းမှာ ရေဓာတ်(အစိုဓာတ်) ထိန်းသိမ်းပေးဖို့ရေများများသောက်ပါ။ လက်သည်းကို သန့်သန့်ရှင်းရှင်းထားခြင်းက မှိုမစွဲစေနိုင်တော့ပါဘူး။

သင့်လက်သည်းအရောင်က ဝါကြင်ကြင်ဖြစ်နေပါသလား၊ ကွဲထွက်နေပါသလား၊ လက်သည်းအရှည်နှေးကွေးနေပါသလား။ အထက်ဖော်ပြပါ အစားအစာတွေက သိသိသာသာကောင်းကျိုးပြုတာကို ခံစားရပါမယ်။ ယင်းအစားအစာထဲမှာပါရှိတဲ့ Keratin ပရိုတင်းက လက်သည်းအရှည်မြန်စေရုံသာမက ဆံပင်တွေကိုပါ မြန်မြန်ရှည်လာအောင် ကူညီပေးပါမယ်။

**▰ ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်တဲ့ ဘီတာကယ်ရိုတင်း(ခေါ် ) ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးကို ကန်စွန်းဥထဲမှာ ကြွယ်ဝစွာရရှိနိုင်ပါတယ်။ ဘီတာကယ်ရိုတင်းက ခန္ဓာကိုယ်ထဲရောက်ရှိသွားတဲ့အခါ ဗီတာမင် - A အဖြစ်ပြောင်းလဲသွားပြီးနောက် ဆဲလ်တွေကို ကြီးထွားလာစေပြီး လက်သည်းတွေကိုလည်း ဖွံ့ဖြိုးလာအောင် အကူအညီပေးပါတယ်။ လက်သည်းတွေ ကွဲအက်ခြောက်သွေ့နေခြင်းက ခန္ဓာကိုယ်ထဲမှာ ဗီတာမင် - A ချို့တဲ့နေတဲ့လက္ခဏာပါ။**

**▰ ဇင့်ဓာတ်က လက်သည်းတွေကြီးထွားဖွံ့ဖြိုးဖို့ မရှိမဖြစ်တဲ့အရာပါ။ ဇင့်ဓာတ်အမြောက်အမြားကို ရွှေဖရုံစေ့ကနေ လုံလောက်စွာရရှိနိုင်ပါတယ်။ ရွှေဖရုံစေ့က ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းစွာအလုပ်လုပ်စေပြီး ခန္ဓာကိုယ်ထဲမှာရှိတဲ့ ပရိုတင်းထုတ်လုပ်မှုကိုအကူအညီပေးပါတယ်။ အဲဒီအခြေအနေကပဲ လက်သည်းတွေကို ကျန်းမာကြံ့ခိုင်စေပါတယ်။ ဒ့ါပြင် လက်သည်းပေါ်မှာရှိတဲ့ အဖြူရောင်အစက်အပြောက်တွေကို လျှော့ချပေးနိုင်ပါတယ်။ နေ့စဉ် ရွှေဖရုံစေ့လှော်လက်တစ်ဆုပ်စာပမာဏကိုစားပေးခြင်းက အခုလို အကျိုးကျေးဇူးတွေကိုရရှိနိုင်ပါလိမ့်မယ်။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# အကြိမ်(၁၀၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ပဲခူး နိုဝင်ဘာ ၂၃

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏အကြိမ်(၁၀၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၄ ရက်အထိ ၁၀ ရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အကြိမ်(၁၀၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် နိုဝင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိ ပဒေသာအကများဖြင့်ဖျော်ဖြေခြင်း၊ နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၂ ရက်အထိ မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ဒီဇင်ဘာလ ၃ ရက်တွင် ဆွမ်းတော်ကြီးတင်လှူပူဇော်ခြင်း၊ ဒီဇင်ဘာလ ၄ ရက်(နတ်တော်လပြည့်နေ့) နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်ပွဲနှင့် မွန်းလွဲပိုင်းတွင် ဆရာတော်၊ သံဃာတော် အပါး ၁၃၀၊ သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၅၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ပါဝင်ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ဒေသထွက်အစားအစာအသုံးအဆောင်ပစ္စည်းဈေးရောင်းပွဲများ၊ မုန့်ဈေးတန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေရေး(DJ) အစီအစဉ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)




## ဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

စဉ့်ကိုင် နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်နေမှုကို နိုဝင်ဘာလ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင်ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီဦး၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ထန်းသုံးပင်ကျေးရွာ၌ ကျေးရွာ ဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံ၍ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဆောက်လုပ်နေသည့် အလျားပေ ၅၀ ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင် ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်း၊ Smart Village စီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၉ ဒသမ ၉၉ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေ ကျပ် ၆၂ ဒသမ ၅၁ သန်းတို့ကိုအသုံးပြု၍ ယခုနှစ် အောက်တိုဘာလ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ကန့်ဘလူခရိုင်၌ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကန့်ဘလူ နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကန့်ဘလူခရိုင်၌ ဟင်းသီးဟင်းရွက် ၈၀၀၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ကန့်ဘလူမြို့နယ်၌ ၃၆၂၀ ဧကနှင့် ကျွန်းလှမြို့နယ်၌ ၁၃၃ ဧက စုစုပေါင်း ၃၇၅၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ယခု၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကန့်ဘလူခရိုင်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်၌ ၇၄၂၆ ဧကနှင့် ကျွန်းလှမြို့နယ်၌ ၅၇၇ ဧက စုစုပေါင်း ၈၀၀၃ ဧကတို့ဖြစ်သည်။

ကန့်ဘလူခရိုင်၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းတို့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၁၁-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

## မြန်မာ့အမွေ ပုဂံမြေ

❋ တမာထနောင်း၊ လွမ်းဖွယ်ကောင်းသည့်
မိုးကောင်းဆည်ဝင်၊ လယ်ယာပြင်နှင့်
ထန်းပင်ထန်းတော၊ လွမ်းမောဖွယ်ရာ
ပုံရိပ်လွှာကို၊ ရွှေညာမြေမှ
သာစွအမှန်၊ မြို့ပုဂံတွင်
စံတင်ရှုကြည့် နိုင်ပါသည်။

❋ ထီးနန်းအစ၊ တည်ထောင်စ၍
မြို့ပြမှသည်၊ နိုင်ငံတည်ကာ
မြန်ပြည်ချက်မ၊ ပထမသော်
မြစ်မရော၊ ကမ်းသာသောင်စပ်
အရပ်မှသည်၊
မင်းနေပြည်ဖြစ်၊ သမိုင်းလှစ်ခဲ့။

❋ ဂူကျောင်းစေတီ၊ ဘုရားတည်၍
ရွှေပြည်မြန်မာ၊ သာသနာကို
မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည့်
ဓမ္မအမွေ၊ ခိုင်မာစေကာ
ဝေစည်တည်တံ့၊ အရှည်ခံ့သည်
နိုင်ငံ့ကျက်သရေ ပုဂံမြေ။

❋ နယ်မြေရှေးဟောင်း၊ အမွေကောင်းမို့
လှပေါင်းစုံထွေ၊ ပုဂံမြေကို
ရေရှည်ဖွံ့ဖြိုး၊ အလှတိုး၍
တို့မျိုးတို့ဆွေ ချစ်ကြစေ။

❋ တို့မြေအလှ၊ သဘာဝကို
ကမ္ဘာ့အမွေ၊ ခိုင်မာစေကာ
ရှည်ကြာသမိုင်း၊ မြန်မာတိုင်းက
ဝိုင်းဝန်းထိန်းသိမ်း ကြရမည်။
မြန်မာ့အမွေ ကမ္ဘာတည်။ ။

မောင်လေးပြေ(တောင်တွင်း)

## MWD Variety Channel

၂၄-၁၁-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၄၀ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၂။ ၁၀:၄၀ ပရိသတ်အတွက် ကဗျာလက်ဆောင်
၃။ ၁၁:၄၅ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၄။ ၁၂:၅၀ Knowledge Note
၅။ ၁၄:၃၅ သတိမမူဂူမမြင်

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အနာထပိဏ္ဍိက သံဃဝိဟာရ လေးထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချလှူဒါန်းပွဲအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နယ်နိမိတ်အတွင်း၌ ပင်မကျောင်းဆောင်သစ်ဦးဆောင်အလှူရှင် Mother Construction Co.,Ltd. နှင့် ကျောင်းဒါယကာ၊ ဒါယိကာမများက ဦးဆောင်မတည်၍ တည်ဆောက်ပြီးစီးခဲ့သည့် အနာထပိဏ္ဍိက သံဃဝိဟာရ လေးထပ်ကျောင်းဆောင်သစ်ကြီးအား ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ကျောင်းဆောင်သစ်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်ဆရာတော်ထံမှ အလှူရှင်များက ငါးပါးသီလခံယူ ဆောက်တည်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနာထပိဏ္ဍိက သံဃဝိဟာရ လေးထပ်ကျောင်းဆောင်သစ်ကြီးရှိ ကျောင်းဆောင်၊ အခန်းအသီးသီး၏ ကမ္ပည်းမော်ကွန်း ဆိုင်းဘုတ်များအား ပါမောက္ခချုပ်ဆရာတော်ထံသို့ သာဟတ္ထိက ဒါနမြောက် လက်ရောက်အပ်နှံလှူဒါန်းကြသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က အလှူရှင်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပင်မကျောင်းဆောင်သစ် ဦးဆောင်မတည်အလှူရှင် Mother Construction Co., Ltd. မှ ဥက္ကဋ္ဌ ဦးအောင်မြတ်တို့အား တက္ကသိုလ်ပုံ ကျောက်စီပန်းချီကားများ ပေးအပ်ချီးမြှင့်တော်မူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူရှင်များကိုယ်စား အနာထပိဏ္ဍိက သံဃဝိဟာရ လေးထပ်ကျောင်းဆောင်သစ်ကြီး ကမ္ပည်းမော်ကွန်း ပြားဆိုင်းဘုတ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျပ်သိန်းပေါင်း ၄၂၀၀၀ တန်ဖိုးရှိသော အလျားပေ ၂၀၀၊ အနံ ပေ ၆၀၊ အမြင့်၄၆ ပေရှိအနာထပိဏ္ဍိက သံဃဝိဟာရ လေးထပ် ကျောင်းဆောင်သစ်ကြီးနှင့် စပ်လျဉ်းသည့် အင်ဂျင်နီယာဆိုင်ရာ စာရွက်စာတမ်းများအား Mother Construction Co., Ltd. မှ ဥက္ကဋ္ဌ ဦးအောင်မြတ်က အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ထံသို့ လွှဲပြောင်းပေးအပ်ပြီးနောက် ဒုတိယပါမောက္ခချုပ်(စီမံ)က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ အနုမောဒနာတရားနာကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# ဆေးဝါးတက္ကသိုလ်-ရန်ကုန် “ကံ့ကော်ဆောင်”အဆောက်အအုံဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်



ရန်ကုန် နိုဝင်ဘာ ၂၃

ဆေးဝါးတက္ကသိုလ်-ရန်ကုန်၏အမျိုးသမီး (၁၁၀ ဆံ့)အိပ်ဆောင် “ကံ့ကော်ဆောင်” ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၂)မှတာဝန်ရှိသူများ၊ ဌာနအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဆေးဝါးတက္ကသိုလ်–ရန်ကုန် “ကံ့ကော်ဆောင်”ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးဝါးတက္ကသိုလ်–ရန်ကုန် ပါမောက္ခချုပ်တို့က “ကံ့ကော်ဆောင်”ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က “ကံ့ကော်ဆောင်”ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေး၍ အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်များကို ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်တစ်ခု၏ အုပ်ချုပ်ရေး၊ သင်ကြားရေး အဆောက်အအုံများ၊ ဆရာ၊ ဆရာမ ကျောင်းသားအချိုး၊ သင်ထောက်ကူပစ္စည်းများရရှိမှုအခြေအနေများအပြင် အေးချမ်းလုံခြုံစွာနေထိုင်၍ ပညာသင်ကြားနိုင်ရန် ကျောင်းသား၊ ကျောင်းသူအဆောင်များ ထောက်ပံ့ဖြည့်ဆည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမှာလည်း တက္ကသိုလ်၏ကမ္ဘာ့အဆင့်သတ်မှတ်ချက် (University Ranking) အတွက် အဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိရာ ဆေးတက္ကသိုလ်များ၊ ဆေးပညာနီးနွယ်တက္ကသိုလ်များနှင့် သူနာပြုသားဖွားသင်တန်းကျောင်းများမှ ယနေ့အထိ ဆေးပညာရှင်ဆရာဝန် ၄၉၅၅၃ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၅၇၄၅ ဦး၊ ဆေးဝါးပညာရှင် ၄၅၀၇ ဦး၊ ဆေးဘက်ဆိုင်ရာပညာရှင် ၄၈၄၅ ဦး၊ သူနာပြုသိပ္ပံနှင့် သူနာပြုသားဖွားဒီပလိုမာဘွဲ့ရ ၉၆၄၅၄ ဦး၊ အခြေခံကျန်းမာရေးပညာရှင် ၂၅၈၃ ဦး တို့ကိုမွေးထုတ်ပေးပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍအတွက် အထူးရန်ပုံငွေများကို နှစ်စဉ်ချထားပေးလျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့် ဆေးကုသဆောင်များ၊ ကျောင်းသား၊ ကျောင်းသူအဆောင်များ၊ ဝန်ထမ်းအိမ်ရာများအဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက်ဆေးဝါးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များပေးအပ်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ရှိသူက အဆောက်အအုံဆိုင်ရာ မှတ်တမ်းများ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကပြဖျော်ဖြေခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ သုတေသနပြုဖော်စပ်ထုတ်လုပ်ထားသောဆေးဝါးများ၊ အလှကုန်ပစ္စည်းများ ခင်းကျင်းပြသထားခြင်းနှင့် သုတေသနစာတမ်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့် “ကံ့ကော်ဆောင်”သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်စတင်ခဲ့ပြီး တန်ဖိုးငွေကျပ် ၁၈၃၆ သန်းဖြစ်ပြီး ကျောင်းသူ ၁၁၀ ဦး နေထိုင်နိုင်သည့် အကျယ်စတုရန်းပေ ၂၁၆၀၀ ရှိ လေးထပ်ဆောင်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# တာမွေမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ ရပ်ကွက်များ၌ ယမန်နေ့က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဇော် ဦးဆောင်သည့်အဖွဲ့က မြို့နယ်အတွင်းနေထိုင်ကြသော နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများအား ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုးရရှိနိုင်ရေးနှင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းကို ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် တာမွေမြို့နယ်ရှိ အရိုးကုန်းရပ်ကွက်နှင့် ဗျိုင်းရေအိုးစင် (ရွာမ) ရပ်ကွက်အတွင်း နေထိုင်ကြသူများအား နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကူညီဆောင်ရွက်ပေးသည်။

တာမွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းကို ပန်းခင်းစီမံချက်အဆင့်(၁)၊ (၂) တို့တွင် ရာနှုန်းပြည့်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအခါ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် မြို့နယ်အတွင်းရှိ အသက် ၁၆ နှစ်နှင့် အထက်ရှိသူများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများ ထပ်မံဖြိုချဖျက်ဆီးပြီး တရားမဝင်ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များသည် Online လိမ်လည်လောင်းကစားမှုများကို အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် KK Park နယ်မြေအတွင်းရှိခွင့်ပြုချက်မရှိဘဲဆောက်လုပ်ထားသော တရားမဝင်အဆောက်အအုံများအား ဝင်ရောက်ရှာဖွေရှင်းလင်းခြင်း၊ ဖြိုချဖျက်ဆီးခြင်းများနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ Online လောင်းကစားမှုနှင့် လိမ်လည်မှုများကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသားများကို ဖော်ထုတ်ထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်ဝင်ရောက်နေထိုင်သူများ၏ အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သူများအား ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းရရှိမှုကိုတွေ့ရစဉ်။



တရားမဝင်ဝင်ရောက်နေထိုင်သူများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းနိုင်ရေး လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



KK Park နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား မဖြိုဖျက်မီတွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံး ရှိသည့်အနက် ယနေ့တွင် ၁၁ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၂၁၇ လုံးဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင် အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၆ ရက်မြောက်နေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ၊ အဆောက်အအုံ ၃၃ လုံးအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ Online လိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့အသုံးပြုသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကိုလည်းတစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ Online လိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၆၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ၈ ဦး၊ မလေးရှားနိုင်ငံသား ၁ ဦး၊ ကင်ညာနိုင်ငံသား ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၆ ဦး၊ ယူဂန်ဒါနိုင်ငံသား ၆ ဦး၊ နီပေါနိုင်ငံသား ၁ ဦး၊ အိန္ဒိယနိုင်ငံသား ၂၀ ဦး၊ ဇင်ဘာဘွေနိုင်ငံသား ၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၇ ဦး၊ ရဝမ်ဒါနိုင်ငံသား ၂ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ၃ ဦး၊ ထိုင်းနိုင်ငံသား ၅ ဦး၊

စာမျက်နှာ ၁၂ သို့ ○







KK Park နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား ဖြိုချဖျက်ဆီး ထားရှိမှုကိုတွေ့ရစဉ်။

နှင့်ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၈၈ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းနိုင်ခဲ့ကာ **၁၂၁၄၃** ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား **၂၆၀၈** ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်







KK Park နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုခဲ့သောအဆောက်အအုံများအား ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကိုတွေ့ရစဉ်။



KK Park နယ်မြေအပိုင်း(၁)တွင် တရားမဝင်ဆောက်လုပ်ထားသည့်အဆောက်အအုံများအား မဖြိုဖျက်မီတွေ့ရစဉ်။



KK Park နယ်မြေအပိုင်း(၁)တွင် တရားမဝင်ဆောက်လုပ်ထားသည့်အဆောက်အအုံများအားလုံး ဖြိုချဖျက်ဆီးပြီးစီးမှုကိုတွေ့ရစဉ်။

○ **စာမျက်နှာ ၁၁ မှအဆက်**

ကာဇက်စတန်နိုင်ငံသား ၁ ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား ၁ ဦး၊ ဘီနင်နိုင်ငံသား ၁ ဦး၊ ဘူယွန်ဒီနိုင်ငံသား ၈ ဦး၊ တိုဂိုနိုင်ငံသား ၁ ဦး၊ စင်ကာပူနိုင်ငံသား ၁ ဦး စုစုပေါင်း ၁၅၆ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ နိုဝင်ဘာလ ၁၈ ရက်မှယနေ့အထိမြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၇၄၆ ဦးနှင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၈၉၃ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀ လုံး၊ Star Link ဘန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်းနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း **၁၂၅၈၆** ဦး ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ညွန့်ဝင်း(နတ်တလင်း)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးလုပ်ကိုင်ရသောနိုင်ငံဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းစနစ်များကိုအသုံးပြု၍ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ကြိုးစားလုပ်ကိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်လာမည်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်တွင် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agrobased Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"**ဟူသော ဦးတည်ချက်ကိုထားရှိ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံသည် စိုက်ပျိုးမြေပေါ်များသောနိုင်ငံဖြစ်ခြင်း၊ တိရစ္ဆာန်များအတွက် စားကျက်နှင့်အစာပေါ်များသောနိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတွင်းရှိ ဒေသအလျောက် ကုန်ထုတ်စွမ်းအားများပိုမိုတိုးတက်လာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အားပေးကူညီဆောင်ရွက်မှုများကိုအလေးထား၍ မိမိတို့၏ဝင်ငွေတိုးပွားရေး၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်သည်။**

ကျွန်တော်တို့နိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြရသည်။ နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြသည်။ အဆိုပါ လူဦးရေများထဲမှ ၅၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု၍ နေထိုင်သူများဖြစ်ကြသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျေးလက်စီးပွားရေး ကောင်းမွန်လာအောင် မြှင့်တင်ပေးနိုင်မှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ကိုင်ရာ၌ သာမန်အားဖြင့် ဆန်စပါး၊ ကောက်ပဲသီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ သို့သော် ကောက်ပဲသီးနှံများကို စိုက်ပျိုးရုံသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးရမည်ဖြစ်သည်။ သို့မှသာ စက်မှုလုပ်ငန်းများတိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲကလည်း **" မိမိတို့နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း "**လမ်းညွှန်ပြောကြားခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက သီးနှံများပိုမိုထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသေးကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ စိုက်ပျိုးမြေများကောင်းမွန်လာစေရန် လိုအပ်သည့် မြေဩဇာများထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ စိုက်ပျိုးရေကိုအကျိုးရှိစွာ အသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်မှာကြားခဲ့သည်။

ယခုအခါ ကမ္ဘာတွင် AI အသုံးပြု ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များ အလျင်အမြန်တိုးတက်လာနေသည်။ ကမ္ဘာတွင် AI နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်နေသည့် နိုင်ငံများတွင် တရုတ်နိုင်ငံသည် ထိပ်ဆုံးမှပါဝင်သည်။ AI စနစ်ဆိုသည်မှာ ခေတ်မီဒစ်ဂျစ်တယ် လူမှဲ့ ဉာဏ်ရည်တုနည်းပညာတစ်မျိုးဖြစ်ပြီး ထိုနည်းပညာဖြင့်ဖန်တီးထားသော AI စက်ယန္တရားများဖြင့် ထွန်ယက်စိုက်ပျိုးကာမျိုးများကြဲပက်ရာတွင်လည်းကောင်း၊ ပိုးသတ်ဆေးဖျန်းပက်ရာတွင်လည်းကောင်း တွင်ကျယ်အောင်မြင်စွာအသုံးပြုနိုင်ပြီး အောင်မြင်မှု ရရှိလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအဆင့် ပညာရှင်များဆွေးနွေးပွဲကျင်းပခဲ့သည်။ သမားရိုးကျစိုက်ပျိုးမွေးမြူရေး နည်းစနစ်မှသည် နည်းပညာအသုံးပြု Agricultural Transformation သို့ ကူးပြောင်းမည့်အစီအစဉ်များသည် မြန်မာ့စိုက်ပျိုးမွေးမြူရေး AI ခေတ်ကို ရောက်ရှိစေမည့် ဦးတည်ဆောင်ရွက်မှုဖြစ်၍ ဝမ်းသာစွာကြိုဆိုကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏အဓိကစိုက်ပျိုးသီးနှံ ၁၀ မျိုးတွင် ပထမဆုံး စပါး ထို့နောက် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကိုလည်းကောင်း၊ မွေးမြူရေးကဏ္ဍတွင် ကူးစက်တတ်သည့် ရောဂါပိုးမွှားများနှင့်ကုသရေးအပိုင်းကိုလည်းကောင်း AI နှင့် စတင်မိတ်ဆက်ဆောင်ရွက်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုရှိသော်လည်း ပြည်ပသို့ကုန်ကြမ်းတင်ပို့မှုများကြောင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက်ရှိသဖြင့် မှာယူတင်သွင်းနေရသည်။ ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် နှမ်း၊ မြေပဲနှင့် နေကြာဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်သည်။ စက်မှုသီးနှံများဖြစ်သော ကော်ဖီ၊ ရော်ဘာကဲ့သို့သော နှစ်ရှည်သီးနှံများ၊ ဝါကဲ့သို့သော ရာသီသီးနှံများ၊ ကြံကဲ့သို့သော နှစ်တိုသီးနှံများကို တိုးချဲ့စိုက်ပျိုးရမည်ဖြစ်သည်။ ဝါကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးပြီး စုစုပေါင်း ဝါစိုက်ဧကေါ်သိန်း ခန့်ရှိသည်။ လက်ရှိစိုက်ပျိုးထားသော စိုက်ဧကများကို တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းရရှိမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် မြေ၊ ရေ၊ ရာသီဥတု အခြေအနေအလိုက် ပြုပြင်ဆောင်ရွက်ကြရန် အရေးကြီးသည်။ အချို့ဒေသများတွင် ရေနက်ကွင်းများရှိသဖြင့် စိုက်ပျိုးရန်အခက်အခဲများရှိသည်။ ထိုရေနက်ကွင်းများကိုမြေပြုပြင်၍ စပါးစိုက်ပျိုးခြင်း၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများပြုလုပ်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုရရှိမည်ဖြစ်သည်။ စပါးကိုပြည်တွင်းစားသုံးရန်သာမက တင်ပို့မှုတွင်ဝယ်လိုအားတိုးတက်ကောင်းမွန်သည့်စပါးမျိုးများကို အရည်အသွေးပိုမိုကောင်းမွန်ရန်နှင့် ပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရမည်။ ဧရာဝတီတိုင်းဒေသကြီးမှ စိုက်ပျိုးထွက်ရှိသော ပေါ်ဆန်းမွှေးဆန်သည် အမှန်တကယ်ကောင်းမွန်ပြီး နာမည်ရသဖြင့် တိုင်းဒေသကြီး၏ Brand တစ်ခု ရအောင် ကြိုးစားစိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ မွေးမြူရေးတွင် ဒေသတွင်းစားရေးဖူလုံမှုရှိအောင် စဉ်ဆက်မပြတ်မွေးမြူထုတ်လုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိရစ္ဆာန်အစားအစာများ လွယ်ကူပေါများစွာရရှိနိုင်သည့်ဒေသများပေါများသဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့မွေးမြူဆောင်ရွက်သွားလျှင် များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စက်မှုလုပ်ငန်းများတိုးတက်ထွန်းကားလာစေရန် ရေရှည်မျှော်မှန်းလျက် နိုင်ငံတော်က မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများကို အခြေခံပညာအလယ်တန်းဆင့် Grade – 9 အောင်မြင်သည်နှင့် ဆင်းရဲချို့တဲ့သူများပါမကျန် ဆက်လက်ပညာဆည်းပူးနိုင်မည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများဖွင့်လှစ်၍ သင်ကြားလေ့ကျင့်လျက် အခွင့်အလမ်းများဖော်ဆောင်ပေးလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ "စိုက်ပျိုးရေးကဏ္ဍတွင် မြေလွတ်မြေရိုင်းများအား အမှန်တကယ်စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းမရှိစေရန် မှာကြားခဲ့သည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတွင် ဝါးများပေါများစွာထွက်ရှိကြောင်း၊ ဝါးများကိုအသုံးပြု၍ ပျော့ဖတ်များနှင့် စက္ကူများထုတ်လုပ်နိုင်သကဲ့သို့ လူသုံးကုန်ပစ္စည်းများလည်း ထုတ်လုပ်နိုင်ကြောင်း " လမ်းညွှန်ပြောကြားခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် စိုက်ပျိုးမြေပေါ်များသောနိုင်ငံဖြစ်ခြင်း၊ တိရစ္ဆာန်များအတွက် စားကျက်နှင့် အစာပေါ်များသောနိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတွင်းရှိ ဒေသအလျောက် ကုန်ထုတ်စွမ်းအားများပိုမိုတိုးတက်လာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အားပေးကူညီဆောင်ရွက်မှုများကို အလေးထား၍ မိမိတို့၏ဝင်ငွေတိုးပွားရေး၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်ကချမှတ်ထားသော ဆောင်ပုဒ်ဖြစ်သည့် **" နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာပြီး နိုင်ငံရှိ ရေမြေများမှ နိုင်ငံအတွက် ရွှေသီးငွေသီးများ သီးလာအောင်ဆောင်ရွက်နိုင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်ရောက်ရှိလာမည် ဖြစ်ပေသည်။ ။

## မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

ပခုက္ကူ နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁)ခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို နိုဝင်ဘာလ ၂၂ ရက်မွန်းလွဲပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား၏အရေးပါပုံအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် ပြည်သူ ၂၄၅ ဦးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## MWD Education, Knowledge & Sports Channel

၂၄-၁၁-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၄၀ | Grade – 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၆:၅၅ | Grade – 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၅၅ – ၁၈:၀၅ | Grade – 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၀၅ – ၁၈:၃၅ | Grade – 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၃၅ – ၁၉:၅၅ | Grade – 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

## ငလျင်ဘေးဒဏ်သင့် အပြာရောင်အဆင့်မှပြန်လည်ပြုပြင်ပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ဝန်ထမ်းများပြန်လည်ပြောင်းရွှေ့နေထိုင်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည်ဒုတိယဝန်ကြီးဦးထိန်လင်း နှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အပြာရောင်အဆင့်သတ်မှတ်၍ပြန်လည်ပြုပြင်ပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ ပြန်လည်ပြောင်းရွှေ့နေထိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်ခဲ့သည့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ တိုက်အမှတ် ၈၂၁၊ ၈၂၂ နှင့် တိုက်အမှတ် ၇၄၇ ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် ဘူးကွဲအိမ်ရာရှိ တိုက်အမှတ် ၅၃၅၀ နှင့် ၅၃၅၁ တို့တွင် ဝန်ထမ်းများနှင့်မိသားစုဝင်များ ပြန်လည်ပြောင်းရွှေ့နေထိုင်မှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ရေဆင်းမြောင်းပြိုကျပျက်စီး၍ ပိတ်ဆို့နေမှု၊ မီးဖိုခန်းနှင့် ဘေစင်ရေပိုက်လိုင်းများ၊ ရေတိုင်ကီရေစိမ့်ထွက်နေမှုများ၊ အုတ်နံရံရေယိုစိမ့်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ရေ၊ မီး၊ မိလ္လာသုံးစွဲမှုအဆင်ပြေစေရေး၊ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများထဲတွင် မပါရှိသော်လည်း တည်ဆောက်ထားမှုနှင့် လူနေထိုင်မှုကြာမြင့်သည့်အတွက် ပျက်စီးယိုယွင်းလျက်ရှိသည့်တံခါးနှင့် တံခါးကျီးပေါင်များ ပြန်လည်ပြုပြင်ပေးနိုင်ရေး မှာကြားပြီး ဝန်ထမ်းများ၏လိုအပ်ချက်နှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။



ယင်းပြိုင်ပွဲတွင် သုံးချီတွဲဆိုင်း ကိုးဆိုင်းပါဝင်ပြီး မြတ်မင်းသန့်(YMA)နှင့် နိုင်းနိုင်း(အိုပါး)တို့ပွဲတွင် အစပိုင်း၌ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်နိုင်သော်လည်း တတိယအချီတွင်မြတ်မင်းသန့်၏လက်သီးတွဲလုံးများထိမှန်ပြီး နိုင်းနိုင်း အမှတ်စဉ်နှစ်ကြိမ်ရေတွက်ခံရကာ ဆက်လက်မယှဉ်ပြိုင်နိုင်သည့်အတွက် မြတ်မင်းသန့် အလဲထိုးအနိုင်ရရှိသွားသည်။

ထို့အတူ စောအယ်ဟဲစိုး(WARRIORS) နှင့် နိုင်ဖြိုးအောင်(RAY)တို့ပွဲတွင် စောအယ်ဟဲစိုးက သူ၏လက်သီးတွဲလုံးများ၊ ခြေကန်ချက်များဖြင့်ဒုတိယအချီအရောက်ပြိုင်ဘက် နိုင်ဖြိုးအောင်ကို အလဲထိုးအနိုင်ယူသွားသည်။ ဒေါင်းမိုက်သွေး(Top-1)နှင့် လယ်တာမလာ(RAY)တို့ပွဲတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်း တတိယအချီတွင် လယ်တာမလာ ဒဏ်ရာအနာတရဖြစ်ကာ ဆရာဝန်၏ ဆုံးဖြတ်ချက်ဖြင့် ပြိုင်ဘက်ဒေါင်းမိုက်သွေးကို လယ်တာမလာ အရှုံးပေးလိုက်ရသည်။

အခြားပွဲစဉ်များဖြစ်သည့် ရာဇာထွန်း(RAY)နှင့် Star(HOC)၊ မိုးကြိုး(ပဲခူးကလပ်)နှင့် နိုင်ဇင်ဦး (ကျားဘုရင်)၊ ထက်ထက်(ရွှေပေါက်ကံ့) နှင့် စိုးကြီး(အိုပါး)၊ ဆလိုင်းခရာတ်(YMA)နှင့် ငရဲ(SMART-FIGHT)၊ အေယာအးစ်ခန်း(ဇာထက်မိတ္ထီလာ)၊ Star(HOC)နှင့်ငွေဆန်းမင်း(Top-1)၊ ဝေယံမင်းသူ(ပဲခူးကလပ်)နှင့်ရဲမိုက်တီး(MK-1) တို့၏ပြိုင်ပွဲများတွင် လူငယ်ကစားသမားများပီပီ သူတင်ကိုယ်တင်ပရိသတ်အကြိုက်ထိုးသတ်ခဲ့ကြသော်လည်း အနိုင်အရှုံးမပေါ်ဘဲ အလူးအလဲဖြင့်ပူးတွဲသရေပွဲများသာဖြစ်ခဲ့သည်။

ယနေ့ပြိုင်ပွဲအား အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group (MMAG)တို့ ပူးပေါင်းစီစဉ်ကာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကအဓိကပံ့ပိုးကူညီ၍မျိုးဆက်သစ်ရှက်ပုန်းသီးလက်ဝှေ့ကစားသမားများအား မြေတောင်မြှောက် စင်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ (၁၈)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နဝဒေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက Video Message ပေးပို့၍ နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ၂၀၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ ၂၀၁၅ ခုနှစ်တွင် စာရင်းပညာဆိုင်ရာအမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ်သတ်မှတ်ခဲ့ပြီး သီးခြားလွတ်လပ်သောမြန်မာနိုင်ငံ၏ စာရင်းပညာရှင်အဖွဲ့အစည်းအနေဖြင့်ရပ်တည်လျက်ရှိကြောင်း၊ စာရင်းပညာဖွံ့ဖြိုးတိုးတက်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်၊ ကိုယ်ကျင့်တရားနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာစံများ၊ လိုက်နာမှု ပိုမိုအားကောင်းစေရေးနှင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများလိုက်နာကျင့်သုံးစေရေးတို့အတွက်စဉ်ဆက်မပြတ်လေ့လာသင်ယူမှု အစီအစဉ်များ အမြဲမပြတ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုသိရှိနားလည်ပြီး လိုက်နာမှုအားကောင်းစေရေးအတွက်လည်း အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အသင်းအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အသင်းသားများအနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပါပြဋ္ဌာန်းချက်များ၊ အသင်းနှင့်ကောင်စီတို့မှ ထုတ်ပြန်ထားသည့်လုပ်ငန်းနှင့်ကျင့်ဝတ်သိက္ခာဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာ၍ ပညာရပ်ဆိုင်ရာအရည်အချင်းများ ပိုမိုပြည့်ဝစေရေးနှင့် အသင်းကြီးခိုင်မာအားကောင်းစွာ ရေရှည်တည်တံ့နိုင်ရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် အသင်းသားအားလုံးတို့က ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသဘာပတိ ဦးသိန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌဦးဝမ်းတင်က အမှာစကားပြောကြားကာ ၂၀၂၄-၂၀၂၅ ခုနှစ်နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြ အတည်ပြုခြင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ခန့်အပ်ခြင်းများကို အတည်ပြုချက်ရယူခြင်း၊ ဘုတ်အဖွဲ့ဝင်များ အလှည့်ကျနုတ်ထွက်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြ၍ အစည်းအဝေးသဘာပတိ ဦးသိန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၂˚C |
| ရန်ကုန် | ၂၁˚C | / | ၃၃˚C |
| မန္တလေး | ၂၁˚C | / | ၃၄˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

★ **စာမျက်နှာ ၁၇ မှအဆက်**

စိုက်ပျိုးရေးတက္ကသိုလ်သည် တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်ပြီး အလားတူ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည်လည်း တစ်ခုတည်းသောတက္ကသိုလ်အဖြစ်ရှိခဲ့ကြောင်း၊ လက်ရှိကာလတွင်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် တစ်နှစ်တွင် စိုက်ပျိုးရေးဘွဲ့ရပညာရှင် ၃၀၀ ခန့်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သည် ၂၀၀ ခန့်သာ မွေးထုတ်ပေးနိုင်ကြောင်း၊ ကိုလိုနီခေတ်က စတင်၍ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်(၂) ခုသည် နိုင်ငံတော်အတွက် လိုအပ်သည့် ဘွဲ့ရပညာရှင်အရေအတွက် လုံလောက်အောင် မွေးထုတ်ပေးနိုင်ခြင်းမရှိသည့်အတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်တစ်ခုဖြစ်ခဲ့ကြောင်း။

ထို့ကြောင့်မိမိတို့အစိုးရတာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစပြီး နိုင်ငံတော်အတွက် အဆင့်မြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဘွဲ့ရပညာရှင်များ၊ အလယ်အလတ်အဆင့်စိုက်ပျိုးရေး၊ မွေးမြူရေးဒီပလိုမာလက်မှတ်ရပညာရှင်များ၊ စိုက်ပျိုးရေးမွေးမြူရေးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်အဆင့်ရှိ အသိအမှတ်ပြုလက်မှတ်ရပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၈၉)ကျောင်း၊ ရှိရင်း စိုက်ပျိုးရေးသိပ္ပံ (၁၅) ကျောင်းမှမွေးမြူရေးဘာသာရပ်ပါသင်ကြားပေးနိုင်သည့်စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံအဖြစ် ကျောင်း(၉)ကျောင်းတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်း(၁) ကျောင်းနှင့် တိရစ္ဆာန်ဆေးကုသရေး သိပ္ပံ(၁) ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံလူ့စွမ်းအားအရင်းအမြစ်များကို ယခင်ကာလထက် စုစုပေါင်း(၈၃၅၂) ဦးကိုပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် မအူပင်စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှလည်း နှစ်စဉ် စိုက်ပျိုးမွေးမြူရေးပညာရှင်(၃၀၀)ဦးစီ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံပြီးလည်း **အထက်မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် အသစ်တစ်ခုဖွင့်လှစ်ရန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့အနာဂတ်မျှော်မှန်းချက်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်စိုက်ပျိုးရေးနှင့် မွေးမြူရေးကောလိပ်ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်နိုင်ရန် ဆွေးနွေးသုံးသပ်လျက်ရှိသည်ကို အသိပေးပြောကြားလို**ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့်မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ကဲ့သို့ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ရည်မှန်းထားကြောင်း၊ ရည်မှန်းထားသည့်အတိုင်းလည်းဖြစ်မြောက် အောင်မြင်အောင်ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် စိုက်ပျိုးရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး(၁၃)ခု၊ မွေးမြူရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး (၁၂)ခု၊ အခြေခံ ဝိဇ္ဇာသိပ္ပံပညာရပ်ဌာန(၃)ခု ပါဝင်ဖွဲ့စည်းထားပြီး အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများနှင့် ဌာနအသီးသီးမှဘာသာရပ်ကျွမ်းကျင်သူပညာရှင်ကြီးများကို စုစည်းအားဖြည့်သင်ကြားပေးရန် စီစဉ်ထားသည်ဟု သိရှိရကြောင်း၊ အချို့ဘာသာရပ်များကိုလည်း ပညာရှင်များကို ဧည့်ပါမောက္ခကြီးများအဖြစ် ဖိတ်ကြားသင်ကြားပေးခြင်း၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများပြုလုပ်ပေးခြင်းတို့ဖြင့် အဘက်ဘက်က လစ်ဟာမှုမရှိအောင် ကြိုးပမ်းသွားရန် အကြံပြုလိုကြောင်း၊ ဘွဲ့လွန်သင်တန်းများအဖြစ် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး တက္ကသိုလ်၏ **"စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အားကိုးရသည့် တက္ကသိုလ်တစ်ခုဖြစ်လာမည်ကို ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်ကို သာမန်အားဖြင့် အသုံးချသိပ္ပံပညာရပ် သက်သက်အဖြစ်သာ ရှုမြင်လေ့ရှိကြောင်း၊ အမှန်တကယ်မှာ စိုက်ပျိုးရေးပညာရပ်များနှင့်သက်ဆိုင်သည့် မြေဆီလွှာ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ၊ ဘာသာရပ်များအပါအဝင် ဘာသာရပ်(၁၃)ခု၊ မွေးမြူရေးပညာရပ်နှင့် သက်ဆိုင်သည့်မွေးမြူရေးပညာ၊ဆေးပညာ၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာအပါအဝင် ဘာသာရပ်(၁၂)ခု စသည့်ဘာသာရပ်များနှင့် သီအိုရီနှင့် နည်းပညာသဘောတရားများသည် ကျယ်ပြန့်ကြောင်း၊ အဆိုပါအချက်များကို နားလည်တတ်မြောက်ပြီး ရေ၊ မြေ၊ ရာသီဥတု စသည့်သဘာဝတရားများနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်ရန် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ တွေးခေါ်မြော်မြင်မှုနှင့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ တောင်သူနှင့်မွေးမြူရေးသမားများ၏ ခံယူမှုနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲမှုပညာ (Art of Management)ကိုပါ သင်ကြားပေးသည့် ပညာရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် သိပ္ပံပညာရပ်များသာမက စဉ်းစားတွေးခေါ်မှု၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့်ပြည့်စုံသည့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး သင်ယူသည့် ကျောင်းသား၊ ကျောင်းသူများကလည်း ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် မွေးမြူရေးဘွဲ့ကိုပါအပ်နှင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်သဖြင့် ဘွဲ့ရများနှင့်ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းသာမက စိုက်ပျိုးရာသီပြင်ပတွင် မွေးမြူရေးလုပ်ငန်းများက ဝင်ငွေကိုပါရရှိခြင်းအားဖြင့် မိသားစုဝင်ငွေတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ **ဧရာဝတီတိုင်းဒေသကြီးသည်မြန်မာနိုင်ငံ၏ အဓိက ဆန်စပါး စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဒေသကြီးဖြစ်သကဲ့သို့ ငါးပုစွန် မွေးမြူရေးလုပ်ငန်းများလည်း အများအပြားရှိ**ကြောင်း၊ သို့သော်လည်း **ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ရေကြီးကွင်း၊ ရေနုက်ကွင်းများ ဇရီယာကျယ်ပြန့်စွာရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးသည့်အတွက်စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ဆောင်ရွက်သည့်စနစ်များကို တိုးချဲ့ဆောင်ရွက်ကြရန်လို**ကြောင်း၊ **စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) အနေဖြင့် အဆိုပါစနစ်များကို သုတေသနပြုပြီး အောင်မြင်အောင်စမ်းသပ်ဆောင်ရွက်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားလို**ကြောင်း။

**❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးအဓိကထားဆောင်ရွက်ခြင်းဖြစ်သဖြင့် မိရိုးဖလာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်းထက် နည်းစနစ်ကျနသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ် . . .**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါးတန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စသည့် ရည်မှန်းချက်များကို ပြည့်မီစေမည်ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ဆည်းပူးသင်ယူကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်လက်ဆင့်ကမ်းပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအောင်မြင်တိုးတက်ဖို့ **"စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး"** ဆိုသည့်တက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး တိုးတက်ထမ်းဆောင်သွားကြရန်နှင့် တက္ကသိုလ်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များစွာကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ပစ္စည်းအား ဂါရဝပြုပေးအပ်သည်။

အခမ်းအနားအပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တက္ကသိုလ်အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ ဆရာ၊ ဆရာမများခန့်အပ်ဆောင်ရွက်လျက်ရှိမှု၊ သင်ကြားရေးဌာနများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရန်အတွက်လျာထားဆောင်ရွက်လျက်ရှိမှု၊ နှစ်အလိုက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ တက္ကသိုလ်အတွက် လိုအပ်သည့်အဆောက်အဦများ ထပ်မံဆောက်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မအူပင်)၌ ကျောင်းသား၊ ကျောင်းသူများတက်ရောက် ပညာသင်ကြားလျက်ရှိမှုနှင့် ပညာသင်နှစ်အလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်မှု၊ ကျောင်းသား၊ကျောင်းသူများအားထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်) ဆိုင်ရာအချက်အလက်များ၊ အလုပ်ရုံ နှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများ တည်ဆောက်ထားရှိမှု၊ သင်ကြားရေး ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ အထူးပြုပညာရပ်များအလိုက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသလိုအပ်ချက်အရ ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင်စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်မှာ ယခင်ကတစ်ခုတည်းသာရှိခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ဖွင့်လှစ်နိုင်ရေးမိမိအနေဖြင့် ၂၀၂၁ ခုနှစ်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်းအကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ရန်နှောင့်နှေးခဲ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်များသို့တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများပေးအပ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးအဓိကထားဆောင်ရွက်ခြင်းဖြစ်သဖြင့် မိရိုးဖလာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းထက် နည်းစနစ်ကျနသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးပညာရှင်များကိုမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး Agro Base Industries ကို ဆောင်ရွက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ ပညာရည်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ၌လည်း တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့"** ဟူသည့် နိုင်ငံတော်မှ ချမှတ်ထားသည့်အတိုင်း ပညာရေးဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ကြရန် လိုကြောင်း။

**တက္ကသိုလ်များတည်ဆောက်ရာတွင် ရေရှည်အတွက် ကြိုတင်မြော်တွေး၍ Master Plan ချမှတ်ကာ စနစ်တကျရေးဆွဲတည်ဆောက်ရန်လို**ကြောင်း၊ **တက္ကသိုလ်ဝင်းများအတွင်း အရိပ်ရလေကာပင်များနှင့် တက္ကသိုလ်ကိုကိုယ်စားပြုသောအပင်များကို စိုက်ပျိုးသွားရန်လို**ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများမွေးထုတ်ပေးပြီး အရည်အချင်းရှိသည့် စိုက်ပျိုးမွေးမြူရေး ပညာရှင်များဖြစ်အောင် ဆောင်ရွက်**ပေးသွားရန် လိုကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည်စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (မအူပင်)၊အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)နှင့်ပိုလီတက္ကနစ်နည်းပညာတက္ကသိုလ်(မအူပင်)တို့အတွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(၁၀၀)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေနိုင်မည်ဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ပစ္စည်းအား ဂါရဝပြုပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ပင်မဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပင်မအဆောက်အဦ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်ပွဲအထိမ်းအမှတ်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ တက္ကသိုလ်အတွက်လိုအပ်သည့် အဆောက်အဦများထပ်မံဆောက်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ် . . .**

**❖ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ် . . .**

ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတစ်ခုလုံးအတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်အခမ်းအနားဖြစ်သကဲ့သို့ စတင်တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားရေးဆရာ၊ ဆရာမများအတွက်လည်း သမိုင်းမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်မည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း၊၊ **မွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ကြစေရန်ပင်ဖြစ်**ကြောင်း။

ထို့အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် စိုက်ပျိုးရေးပညာရှင်များ၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာသင်ကြားမှု၊ သင်ယူမှုသာမက သုတေသနအခြေပြုတက္ကသိုလ်တစ်ခု (Research Oriented University) အဖြစ် တိုးမြှင့်ဖြစ်ပေါ်လာစေရန်ကိုလည်း မျှော်မှန်းဦးတည်ချက်ထားရှိကြောင်း၊ ယခုတက္ကသိုလ်မှ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်မည့် ဘွဲ့ရပညာတတ်များမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးပြီး နိုင်ငံများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စီးပွားရေးတိုးတက်အောင် စွမ်းဆောင်ခဲ့ရာမှ စက်မှုနိုင်ငံအထိ တည်ထောင်နိုင်ကြခြင်းဖြစ်ကြောင်း၊ အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး စားရေရိက္ခာဖူလုံအောင်၊ ပိုလျှံအောင် လုပ်ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်ကို ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကြွယ်ဝသည့် ရေမြေသဘာဝအရင်းအမြစ်များနှင့် ရာသီဥတုကောင်းမွန်မှုကိုအရင်းပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်စေရန်နှင့် အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများဖြစ်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေအမြောက်အမြားရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ဂေဟစနစ်မျိုးစုံရှိခြင်း၊ ရေချိုအရင်းအမြစ်ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာဖူလုံသည်သာမက ပိုလျှံသည့် လယ်ယာသားငါးထွက်ကုန်များကို ပြည်ပကိုတင်ပို့လျက်ရှိကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ **"စပါးကျီ"** အဖြစ် သမိုင်းအစဉ်အလာကြီးသည့် ဒေသဖြစ်ကြောင်း၊ ယခုလိုစိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ကိုဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး၏





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်း ပြည့်ဝသည့်စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့်မွေးမြူရေးပညာသိပ္ပံဘွဲ့ရပညာရှင်များ ပိုမိုသင်ကြား**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာကို ကြည့်ပါကလည်း

အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဟု ယုံကြည်ကြောင်း။

ယခင်က မြန်မာနိုင်ငံတွင် ရေဆင်း

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# University of Agriculture and Livestock Breeding (Maubin) inaugurates

## Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing attends the opening of University of Agriculture and Livestock Breeding (Maubin)

NAY PYI TAW November 23

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inaugurated the University of Agriculture and Livestock Breeding (Maubin) under the Ministry of Agriculture, Livestock and Irrigation this morning.

First, the Senior General and party arrived at the university where the Senior General and party were warmly welcomed by the Union Minister for Agriculture, Livestock and Irrigation, officials and students.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing delivers an address at the opening ceremony of the University of Agriculture and and Livestock Breeding (Maubin).

Also present at the ceremony were Commission Secretary Joint Executive Chief General Ye Win Oo, Commission member and Union Minister for Border Affairs Lt-Gen Yar Pyae, Union Ministers U Min Naung, Dr Myo Thein Kyaw and U Myo Thant, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from the Office of the Commander-in-Chief, deputy ministers, officials from the Ministry of Agriculture, Livestock and Irrigation, departmental officials, rectors, pro-rectors, teachers, students and guests.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing sprinkles scented water on the plaque of the main building of the University of Agriculture and and Livestock Breeding (Maubin).

Commission Secretary Joint Executive Chief General Ye Win Oo, Commission member and Union Minister for Border Affairs Lt-Gen Yar Pyae, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Science and Technology Dr Myo Thein Kyaw and Ayeyawady Region Chief Minister U Tin Maung Win cut the ribbon to inaugurate the ceremony.

The Senior General unveiled the signboard of the main building of the university.

The Senior General had documentary photos taken together with attendees.

The Senior General sprinkled scented water on the plaque of the main building.

At the second section of the ceremony, students performed dances in commemoration of the opening of the university.

Speaking on the occasion, the Senior General said that the inauguration ceremony of the University of Agriculture and Livestock Breeding (Maubin) marks a momentous and auspicious day for the entire agricultural and livestock sector of the country. It is also a day that can be recorded as a historic milestone for the students who will begin their studies and the teachers who will provide instruction. Opening the university in the 2025-2026 academic year will greatly contribute to the development of the human resources needed in the country's agricultural and livestock sectors and will, in turn, positively support the nation's economic growth.

The fundamental objectives of opening the University of Agriculture and Livestock Breeding (Maubin) are to develop the human resources needed for the country's agricultural, livestock, and rural development; to increase the number of qualified professionals with degrees in agricultural science and livestock science; to enable students to study and acquire modern techniques and skills required for agricultural and livestock enterprises as well as basic agribusinesses; and to strengthen their ability to conduct practical, applied research effectively.

In addition, the university aims not only to provide subject-based teaching and learning but also to develop into a research-oriented university that can produce agricultural and livestock professionals capable of meeting international standards. It

See Page - 19►►

►► From Page - 18

is expected that the university will produce graduates equipped with knowledge and skills who can link agricultural and livestock disciplines with basic agro-production enterprises and other related economic activities.

As a country whose economy is based on agriculture and livestock, the agricultural and livestock sector serves as a key driver of national economic development. Looking at the international context, developed countries have built their economies on agriculture and livestock, enabling them to progress into industrialized nations. Similarly, developing countries rely on agriculture and livestock to ensure food security, increase prosperity, expand production, and transform their nations through MSME enterprises. In our country as well, with abundant water and land resources and favourable climate conditions, efforts are being made to develop agriculture and livestock activities and promote future economic growth.

The agricultural sector contributes up to 23.7 percent of the country's gross domestic product (GDP), and approximately 46 percent of the nation's population is rural residents earning their livelihood through agricultural, livestock, and related activities. Only when the agricultural and livestock sector develops and the incomes of rural residents increase can rural development, in turn, contribute to the overall economic growth of the country.

Myamar has abundant arable land, diverse climates suitable for growing a variety of crops, and rich freshwater resources, which not only ensure domestic food security but also allow surplus agricultural and fishery products to be exported abroad. In particular, the Ayeyawady Region has a long-standing historical reputation as the **"granary"** of Myanmar. The opening of the University of Agriculture and Livestock Breeding (Maubin) will meet a major need of the Ayeyawady Region and is expected to promote the development of agricultural and livestock activities in the region, thereby contributing to the overall growth of the country's agriculture and livestock sector.

Previously, Myanmar had only one university of irrigated agriculture and only one veterinary university. At present, the University of Agriculture can produce about 300 agricultural graduates per year, while the University of Veterinary Science produces around 200 graduates annually. Since the two universities established during the colonial era have been unable to produce a sufficient number of graduates needed by the country, addressing this cussions are ongoing to open one agriculture and livestock college in each region and state as part of future planning.

It is reported that the University of Agriculture and Livestock Breeding (Maubin) aims to become a top-tier university like Yezin Agricultural University and the University of Veterinary Science, and efforts will be made to successfully realize this ambition as planned. The

Agricultural and veterinary sciences are typically viewed merely as applied sciences. In reality, the 13 subjects related to agricultural sciences, including soil science, biology, and botany, and the 12 subjects related to animal husbandry sciences, including animal husbandry, veterinary medicine, surgery, and reproduction, along with their theories and technological principles, are vast. Under-



Commission Secretary Joint Executive Chief General Ye Win Oo, Commission member and Union Minister for Border Affairs Lt-Gen Yar Pyae, Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Science and Technology Dr Myo Thein Kyaw and Ayeyawady Region Chief Minister U Tin Maung Win cut the ribbon to open the University of Agriculture and Livestock Breeding (Maubin).

shortfall has remained a necessary priority.

Since taking office in 2021, the government has been striving to produce more highly qualified agricultural and livestock graduates, mid-level diploma holders in agriculture and livestock, and recognized subject-matter experts in these fields to meet the needs of the country. In this effort, 89 industrial, agricultural, and livestock and basic education high schools, along with nine agriculture and livestock institutes derived from 15 institutes of agriculture were established. Additionally, one Fisheries Institute (Twantay) and one veterinary institute were also expanded. As a result, a total of 8,352 human resources have been trained and produced compared to previous periods. The newly opened University of Agriculture and Livestock Breeding (Maubin) is expected to produce 300 agricultural and livestock graduates annually. Furthermore, efforts are being made to establish a new agriculture and livestock university in Upper Myanmar, and dis-

University of Agriculture and Livestock Breeding (Maubin) is composed of 13 major departments related to agricultural science, 12 major departments related to animal husbandry science, and 3 basic science departments. It is planned to gather qualified teachers and specialist experts from various departments to provide instruction. It is also suggested that for some subjects, experts should be invited as visiting professors to teach, and seminars and paper reading sessions should be held to strive for comprehensive coverage without omissions in all aspects. Postgraduate programs, including postgraduate diplomas, master's degrees, and doctoral degrees, will be successively offered. This will enable the cultivation of high-quality human resources needed for national development. It is desired to state that, in line with the university's motto **"Agricultural and Livestock Breeding Bring Prosperity to the Nation,"** it will become a reliable university for the development of the country.

standing these aspects and being able to operate in harmony with nature—such as water, land, and climate—requires the perspective of arts disciplines, problem-solving skills, an understanding of farmers' and livestock breeders' perspectives, and the art of managing socio-economic factors. Therefore, graduates will not only be equipped with scientific knowledge but also with critical thinking and management skills. Students are urged to study diligently.

Since the University of Agriculture and Livestock Breeding (Maubin) plans to also confer degrees in animal husbandry, graduates and rural residents can not only engage in agricultural work but also earn income from livestock farming during the off-season, thereby increasing family income and reducing poverty. Ayeyawady Region is a major region for cultivating, producing, and distributing rice in Myanmar and also has numerous fish and prawn farming operations. However, within Ayeyawady Region, there are extensive areas of deep-water and low-lying fields that are not yet fully utilized for agricultural purposes. It is necessary to expand integrated farming and livestock systems. It is recommended that the University of Agriculture and Livestock Breeding (Maubin) research these systems and strive to test and implement them successfully.

Investment in human resource development for the agriculture and livestock sector will fulfill objectives such as meeting the food needs of a growing population, ensuring the sustainability of natural resources, improving the socio-economic lives of rural residents, and increasing the production of high-value agricultural and aquatic products. Students currently studying agriculture and veterinary sciences at this university are urged to pass on knowledge through generations and, in line with the university's motto **"Agricultural and Livestock Breeding Bring Prosperity to the Nation,"** contribute to the success of the national agriculture and livestock sector for the benefit of the country and its people, carrying the responsibility forward progressively. The university is also instructed to strive continuously to produce a steady stream of agricultural and livestock experts.

Following this, the Union Minister for Agriculture, Livestock and Irrigation explained the purpose and activities behind the opening of the University of Agriculture and Livestock Breeding (Maubin).

Subsequently, the Union Minister presented a commemorative gift for the opening of the University of Agriculture and Livestock Breeding (Maubin) to the Senior General.

After the ceremony, the Senior General cordially greeted the attendees.

Later, in the university auditorium, the Union Minister for Agriculture, Livestock and Irrigation explained the construction work undertaken for the University of Agriculture and Livestock Breeding (Maubin), the preparations for its opening, the ongoing appointment of teachers, the organization of teaching departments, the enrollment of students from regions and states for the 2025-2026 academic year, the

See Page - 20►►

►► From Page - 19

planned provision of student stipends, the planned annual student enrollment, and the ongoing construction of necessary university buildings. Commission Member Union Minister for Border Affairs explained the situation regarding the enrollment of students at the Border Areas National Races Youth Development Training School (Maubin), the pass rates for the university entrance examination by academic year, and the support provided to students. The Union Minister for Science and Technology explained the details of the Government Technical High School (Maubin), the construction of workshop and administrative buildings, the appointment of teaching staff, the enrollment of students, the offering of specialized courses, and the provision of short-term training based on regional needs.

Regarding these presentations, the Senior General stated that previously there was only one University of Agriculture and Livestock Breeding in the country. Therefore, he had striven since 2021 to open the University of Agriculture and Livestock Breeding (Maubin), but its opening was delayed for various reasons. Arrangements are being made to provide stipends to students attending Universities of Agriculture and Livestock Breeding. Since the country's economy is primarily based on agriculture and livestock, moving beyond traditional methods to modern, systematic agricultural and livestock practices would be highly beneficial. Therefore, efforts are underway to produce agricultural and livestock experts, aiming to develop agro-based industries. The state is striving to enhance the education level of its citizens, and all responsible departmental officials must collaborate to ensure an abundance of educated human resources for the essential agricultural and livestock sectors. Collaboration is also needed to increase promotion rates in basic education schools. Efforts to enhance education levels for rural development are necessary. In line with the national directive **"Let us ensure education sector for the development of the Nation,"** support must be provided for the development of education.

When constructing universities, a long-term vision is needed, requiring the establishment of a Master Plan and systematic construction. Shade and windbreak trees, along with trees representing the university, should be planted within the campus grounds. The University of Agriculture and Livestock Breeding must produce the quality human resources needed by the state and strive to develop capable agricultural and livestock experts.

Following this, the Senior General signed the guest book of the University of Agriculture and Livestock Breeding (Maubin).

Then, the Senior General, and his entourage toured the University of Agriculture and Livestock Breeding(Maubin), the Border Areas National Races Youth Development Training School (Maubin), the Government Technical High School (Maubin), and the Polytechnic University (Maubin) by car, inspected them, and provided necessary instructions based on the reports submitted by the responsible officials.

**100**

■■ From Page - 21

Technical Universities, and they will also proceed with plans to open additional Agricultural and Livestock Universities.

He also stated that the State is working to improve educational standards, allowing students to attend universities and colleges for their respective subjects to pursue higher education, and that the reduced enrollment in universities is due to a low student transition rate between academic levels. He emphasized that by increasing the transition rate, the supply of educated human resources would become abundant, and he urged the Maubin District to also collectively strive toward this goal of increasing educated human resources.

Regarding agriculture and livestock, he stated that the Ayeyawady Region is a granary of the nation, and thus, the crop yields must meet appropriate levels. He emphasized the need to consider how to proceed with increasing the progress of agricultural work. Concerning the cultivation of Pawsanhmway, he stressed the need to increase cultivation for export, noting that methods for good yield have already been systematically tested. Therefore, he urged that Pawsanhmway paddy be cultivated systematically in the areas where it can be grown well.

He then stated that efforts should be made to achieve good yields not only for Pawsanhmway paddy but also for other crops, and that agricultural work must be conducted systematically using the four methods: Seed, Soil, Water, and Technique. He emphasized that it is necessary to secure high-quality seeds, ensure good soil conditions, have sufficient water supply, and be able to cultivate and produce with the correct technique. He affirmed that if these principles for agriculture are followed, the crops cultivated would greatly improve and stressed the need to provide agricultural education to individual farmers.

Then, he stated that the coffee produced in the nation is market-ready for international consumption, and while highland coffee is mostly cultivated, he observed that the Maubin Township has about 20,000 acres of garden plots, and if they cultivate lowland coffee (Robusta variety) in these plots, it would be highly beneficial and significantly increase the country's export revenue.

He urged that the cultivation of sweet coconut is highly beneficial, advocating for the expansion of its cultivation because products related to coconut can be manufactured, and exporting these coconut products would earn foreign currency for the nation. He emphasized the need for planting shade and windbreak trees regionally, noting that coconut trees and windbreak trees can provide necessary protection during natural disasters.

He observed that fish farming is being successfully carried out in the Ayeyawady Region and similarly encouraged the expansion of the breeding of other livestock such as chickens, pigs, cattle, and ducks.

Regarding the town, he stated that the State would make arrangements to ensure good drainage within the city, but emphasized that departmental officials must systematically supervise the work, and the city's residents must also cooperate. He mentioned that they would consider and proceed with providing a necessary football sports field for the township, and that development would also be carried out for the universities in Maubin Town.

He stated that a free and fair multi-party democracy general election will be held in the coming December. He recalled that vote irregularities occurred in the 2020 multi-party democracy general election and, because the officials at that time failed to resolve the issues according to the law, the incumbent government was compelled to assume the State duties in accordance with the Constitution. He urged all eligible voters to cast their ballots when the election is held, noting that while the State has made arrangements to ensure the right to vote, casting or not casting a vote is ultimately the wish of the voters. He confirmed that they are carrying out preparatory work to ensure a free and fair election and are systematically scrutinizing the electoral candidates according to the law. He concluded by urging voters to consider and choose candidates who are genuinely motivated to work for the benefit of the country and the region, who can safeguard the three main national causes, and who possess political, economic, and defense vision.

Subsequently, the Senior General cordially greeted the attendees of the ceremony.

The report concluded that the Senior General and his delegation then toured and inspected the local products, agricultural machinery, livestock products, and foodstuffs exhibited at the Micro, Small, and Medium Enterprises (MSME) Product Exhibition and Trade Fair in the Maubin District of the Ayeyawady Region, providing necessary instructions and fulfilling requirements based on the presentations made by the officials. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Acting President of the Republic of the Union of Myanmar,Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets district and township level departmental personnel and local elders in Maubin and discusses regional development



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing delivers an address at the meeting with town elders and officials in Maubin.

NAY PYI TAW November 23

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing met district and township level departmental personnel and local elders from Maubin District, Ayeyawady Region at Toeshwewa Hall this afternoon and discussed regional development.

Also present at the meeting were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, Ayeyawady Region Chief Minister U Tin Maung Win, senior military officers from the Office of the Commander-in-Chief, the South-West Command commander, deputy ministers, MSME entrepreneurs and invited guests.

The Maubin District Administrator reported on salient points of the area, preparations for the coming election, farming activities, production business of the major sectors, efforts to hit the cultivation targets, storage of reserve rice, cooking oil crops sown acreage and production, fish farming, loans disbursed from national economic development funds, efforts to supply electricity sufficiently, ongoing efforts for education sector development, One Region One Product (OROP) enterprises and MSME production businesses, the need to upgrade Maubin Township sports ground.

Local elders and entrepreneurs presented a report on the increase in loans for farmers for development of cultivation undertakings, provision of paddy dryers, expressing thanks for the support to produce sufficient amounts of fish feed. They also presented reports on electricity requirements for fish farming, development in farming business thanks to the provision of loans from national economic development funds, land requirements, possible benefits from bamboo cultivation on the bunds of fish breeding ponds, thriving sweet coconut fields, distribution in the markets and efforts to gain markets abroad.

Regarding the reports, union ministers and the chief minister explained disbursement of agricultural loans by the government, permission to import paddy dryers and crop dryers as necessary group wise or individually, permission for extending farming business in accord with the procedures, endeavours to set up a rice export zone, sown acreage increase in pawhsanhmway rice strains.

In his address, Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing said Maubin located in a vital place of Ayeyawady Region. Initially, the plan to open Agriculture and Livestock University (Maubin) was set up in 2021. As agriculture and livestock is the main business of Myanmar, it needs many human resources skilled in the business. In this regard, the university was commissioned into service.




Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inspects fishery products in Maubin.

Till now, agriculture and livestock are being carried out through conventional means. Although the country tried to materialize modern farming throughout the past successive periods, success was not achieved to the satisfactory level. As the majority of the population lives in rural areas, agriculture and livestock modernization has become a challenge. In its ongoing mission for education development, the government is upgrading the institutions of higher learning.

He stated that they are striving to cultivate educated human resources, noting that while universities have been opened in all Regions and States to ensure balanced development, student attendance remains low in some States. Therefore, he mentioned that efforts are underway to open Polytechnic

See Page - 20

# More buildings used for online gambling and scams demolished, more illegal foreigners detained in KK Park area

NAY PYI TAW November 23

The government of Myanmar has been launching combats against online scams and gambling, which have been endangering the international community and the entire world, regarding it as a national duty and joint operations forces of multiple agencies including security forces and administrative bodies are raiding illegally constructed buildings and demolishing them and exposing and detaining foreigners involved in online gambling and scams.

In doing so, out of a total of 635 buildings used in online gambling in Myawady-Maehtawthalay (KK Park) area, 11 more buildings were demolished, having demolished 217 buildings and continuing to demolish the remaining illegal buildings.



Detaining illegal foreigners who entered Shwe Kokko.



Detaining illegal foreigners who entered Shwe Kokko.

Similarly, clearance operations have been carried out since 18 November and on the sixth day, 33 buildings were raided but online gamblers and scammers were not found and it was learnt that computers and accessories and mobile phones they used were also removed with them simultaneously.

Furthermore, foreigners who were involved in online scams and gambling operations by entering Shwe Kokko illegally by transiting neighbouring countries including Thailand and are trying to escape were detained including 65 Chinese nationals, eight Vietnamese nationals, one Malaysian national, 13 Kenya nationals, four Ethiopian nationals, six Indonesian nationals, six Uganda nationals, one Nepal national, 20 Indian nationals, one Zimbabwe national, seven Philippines nationals, two Rwandan nationals, three Nigerian nationals, five Thai nationals, one Kazakhstan national, one Uzbekistan national, one Benin national, eight Burundi nationals, one Togo national, one Singapore national, totalling 156 foreigners were detained today. Therefore, a total of 1,746 foreigners who illegally entered Myanmar were detained so far and 2,893 computer sets, 21,750 mobile phones, 101 Starlink discs, 21 routers and numerous accessories used in online gambling were seized while crackdowns are underway.

The foreigners were detained in a building in Lonhtin compound in Shwe Kokko Myaing Village in Puhlwepu Village Tract and investigation teams are interrogating them and joint departmental teams collected personal information and documents about 288 foreigners to hand over them to relevant countries as soon as possible.



Raids against the buildings of illegal foreigners in Shwe Kokko.




Raids against the buildings of illegal foreigners in Shwe Kokko.

Between 30 January to 23 November, 2025, 12,586 foreigners who illegally entered Myanmar were detained and 12,143 of them were investigated and 9,978 of them were expelled to relevant countries through Thailand in accordance with the law and rules and regulations systematically. Plans are underway to hand over the remaining 2,608 foreigners to relevant countries and they are properly treated.

The government will continue to coordinate with domestic forces as well as governments of neighbouring countries to prevent online scams and gambling from taking base in Myanmar as a national duty. **100**



Demolition of buildings used in online scams and gambling in KK Park with the use of heavy machinery.

# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့်ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာ၊ ကျောင်းသစ်ကျောင်း ဘုန်းကြီးကျောင်း၌အခြေပြု၍ ချောင်းဝ ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၀၁ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၅ ဦး၊ ခွဲစိတ်ရောဂါ ၄၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၁၀၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၆ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၃ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ငပုတောမြို့နယ်၊ ကန့်မလာကျေးရွာနေ ဦးကျော်ဇင်ဝင်း၏ ဇနီး ဒေါ်ဥမ္မာမြင့်၏ ကိုယ်ဝန်ကို ညနေ ၄ နာရီ ၈ မိနစ်တွင် ၇ ပေါင် ၈ အောင်စရှိ သမီးဦးရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း စတုတ္ထအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ (၁၈) ကြိမ်မြောက်အထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု (၁၉) ကြိမ်မြောက်တွင် ၂၃ ဦးမြောက်၊ ၂၄ ဦးမြောက်၊ ၂၅ ဦးမြောက်နှင့် ၂၆ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် -



ငပုတောမြို့နယ်၊ကန့်မလာကျေးရွာနေ ဦးကျော်ဇင်ဝင်း၏ဇနီးဒေါ်ဥမ္မာမြင့်၏ သမီးဦး ရတနာအတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

"သားဦးဆိုတော့ ပိုပြီးတော့လည်း ဝမ်းသာတာပေါ့။ ရွာကအမျိုးတွေကိုလည်း ပြန်ပြောပြမှာပေါ့။ ဘယ်လောက်ဝမ်းသာတယ်၊ ကျွန်တော့်ရင်ထဲဘယ်လိုခံစားရတယ်ဆိုတဲ့ဟာတွေကိုပေါ့။ သံလွင်သင်္ဘောကြီးမှာရှိတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆရာမတွေအကုန်လုံးကို ဒီကိုလာမွေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျန်းမာရေးမကောင်းဖြစ်တဲ့ လူတွေပြီးတော့ အကုန်လုံးကို မျက်စိ၊နား၊နှာခေါင်းကအစ အကုန်လုံးကို ခန္ဓာကိုယ်မှာ ချို့ယွင်းမှုရှိတဲ့ ဟာမှန်သမျှကို သံလွင်သင်္ဘောကြီးမှာ အားလုံးကုလို့ရပါတယ်လို့ ကျွန်တော့်အနေနဲ့ပြောချင်ပါတယ်"ဟု ပြောသည်။




"အမျိုးသားကနေပြီးတော့ လှမ်းပြီးတော့ ဖုန်းဆက်တာပေါ့။ ဒီမှာဆေးကုတဲ့ သင်္ဘော လာမယ်ပေါ့။ အဲ့ဒါကြောင့်မလို့ လာပြပါလားပေါ့ လှမ်းခေါ်တဲ့အတွက် လာတာပါ။ ultrasound ရိုက်ချင်တယ်၊ အထဲကကလေး ဘယ်လိုနေလဲဆိုတာ သိချင်တဲ့အတွက် လာပြလိုက်တာပါ။ ဖော်ဖော်ရွေရွေရှိပါတယ်။ လူနာအပေါ် စိတ်ရှည်တယ်။ နယ်ဘက်တွေကလည်း လာပြကြတယ်။ ကျွန်မရဲ့ယောက္ခမဆိုလည်း တစ်ခါလာပြဖူးတယ်။ အမြဲတမ်းလာပြီးတော့ ကုသစေချင်တယ်ပေါ့။ အကုန်လုံးအတွက်အားလုံး အဆင်ပြေပါတယ်"ဟု ပြောသည်။





(၁၀၀)

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၂၄ ရက်တွင် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့၌ မုန်တိုင်းငယ်(Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဝါးခယ်မမြို့နယ်၊ ညောင်ငူအုပ်စု၊ မရမ်းချောင်ကျေးရွာမှ ပြန်လည်ထွက်ခွာ၍ နေ့လယ်ပိုင်းတွင် ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာ ခရစ်ယာန်ဘုရားကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၄၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၆ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၄ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂ ဦး၊ မျက်စိရောဂါ ၄၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၀ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၉ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။





ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“သမီးလေးက ငယ်ငယ်လေးကတည်းက ခွဲစိတ်ထားတာဆိုတော့ သူ့ရဲ့ဆီးရောဂါက ပြန်ဖြစ်ချင်တော့ ဒီမှာသမားတော်တွေလည်းပါလာတယ်ဆိုတော့ လာပြတာပါ။ မနေ့တစ်နေ့ကတည်းက ရွာကကျေးရွာအုပ်ချုပ်ရေးမှူးက ကြေညာထားတာပါ။ ဆရာဝန်တွေက သဘောကောင်းပါတယ်။ အစစအရာရာ စိတ်ရှည်သည်းခံပြီးတော့ နားထောင်ပေးကြပါတယ်။ အခုလို ရွာအထိ လာရောက်ကုသပေးတဲ့အတွက် ဆရာဝန်တွေအားလုံးကို အများကိုယ်စားကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

“မျက်စိကမှုန်နေတော့ ရှင်းရှင်းလင်းလင်းမမြင်ရဘူး။ နယ်လှည့်ဆေးကုသရေးအဖွဲ့တွေနဲ့တွေ့တော့ လာကုတာပါ။ ကောင်းပါတယ်။ အကုန်လုံးကောင်းကြပါတယ်။ ဆေးလာကုသပေးတဲ့ ဆရာတွေ၊ ပါရဂူတွေ၊ ဆရာမတွေအားလုံးလည်း သွားလေရာလာလေရာ ဘေးကင်းကြပြီး အကုန်လုံးလည်းကျန်းမာချမ်းသာကြပါစေ။ စေတနာလည်းရှိကြတယ်။ ဝိုင်းဝန်းလုပ်ကိုင်ပေးကြတဲ့ အဖွဲ့တွေလည်း ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးပါတယ်”ဟု ပြောသည်။

(၁၀၀)

# ကဖွားဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၄၀၃) ဧကရှိသောနယ်မြေကို **“ကဖွားဒီရေတောကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၉၈/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၂) ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဒီရေတောပင်များသည် ကပ္ပလီပင်လယ်ပြင်မှ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် တားဆီးကာကွယ်ပေးနိုင်ရန်နှင့် ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသည့်ရေသယံဇာတများ အစဉ်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျော စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်လေထုမှ ကာဗွန်များစွာသိုလှောင်ထိန်းညှိပေးနိုင်ရန်၊ လူသားတို့၏ စနစ်မကျသော မြေအသုံးချမှုများအား သစ်တောဥပဒေနှင့်အညီ ထိရောက်စွာကာကွယ်တားဆီးနိုင်ရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် သစ်တောဖုံးလွှမ်းမှုဧရိယာတိုးပွားလာစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။



ကဖွားဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ ၄က်(ခ)နံ့ဗြူး၊ ကနစို၊ လန်းဘဲ၊ ကျနု၊ ပင်လယ်အုန်း၊ ကဗျိုင်၊ ဘူးဇရပ်၊ လမု၊ လမဲ့၊ မဒမပင်၊ ခရာ၊ ဇလိပ်နွယ်နှင့် တမော်စသည့်ဒီရေတောပင်များ ပေါက်ရောက်မှုအား ရေရှည်တည်တံ့စေရန် ကာကွယ်နိုင်ခြင်း၊ ရေငန်ငါးအမျိုးမျိုး၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ဗျိုင်း၊ ဗျိုင်းအောက်၊ ကြက်တူရွေး၊ သိမ်းငှက်၊ ပန်းဧင်ငှက်၊ ငှက်စလုံ (တင်ကျီးငှက်)နှင့် ငှက်တုံးငှက်မျိုးများကျက်စားရာဒေသအား ထိန်းသိမ်းနိုင်ခြင်း၊ ဒေသခံများအတွက် ဆူနာမီမုန်တိုင်း အစရှိသောသဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေခြင်း၊ သား၊ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ပွားရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ မျော၊ ထင်းလောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်းတို့ကြောင့် ကဖွားဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၃

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# ရှမ်းပြည်နယ် အင်းလေးဒေသ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုမြှင့်တင်ရေးပွဲတော်ကျင်းပ

ညောင်ရွှေ နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ် အင်းလေးဒေသ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုမြှင့်တင်ရေးပွဲတော်ကို ယနေ့မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ အခြေခံပညာအထက်တန်းကျောင်း(သာလေး)၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုမြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းဘင်ခရာတီးဝိုင်းအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စာဖတ်ရှုမြှင့်တင်ရေးပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည့် ကာယ/ဉာဏပြိုင်ပွဲများနှင့် ခင်းကျင်းပြသထားသည့်ဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(သာလေး)မှ ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ"တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် MRTV မှ စီစဉ်ထုတ်လုပ်သည့် "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" Video Clip ကို ဖွင့်လှစ်ပြသသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာကျော်အင်းလေးဒေသသည် တည်ငြိမ်အေးချမ်းမှုရှိပြီး သာယာလှပမှုကြောင့် ခရီးသွားလုပ်ငန်းအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ လျောင်ဘေးဒဏ်သင့်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုအခါ ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်ရကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ပညာကို ထူးချွန်စွာတတ်မြောက်အောင် ကြိုးစားသင်ယူကြရန်အပြင် သုတ/ရသ စာအုပ်စာစောင်များကိုလည်း ဖတ်ရှုကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုမြှင့်တင်ရေးဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ MRTV DTH စလောင်းအစုံ ၅၀ နှင့် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များအား ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က MRTV DTH စလောင်း ၁၀ စုံကို တက်ရောက်လာသူများအား မဲဖောက်၍ ပေးအပ်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုမြှင့်တင်ရေး ပွဲတော်ကျင်းပရေးအတွက် ငွေကျပ် ၁၀၈ သိန်းကျော်နှင့် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မေမေနီက ဒေသစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ညောင်ရွှေမြို့ အခြေခံပညာအထက်တန်းကျောင်း(ဟဲယာရွာမ)မှ ကျောင်းသား၊ ကျောင်းသူများက အင်းတိုင်းရင်းသားရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဆို၊ အကအဖွဲ့များအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

အဆိုပါပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ဦးစီးဆောင်ရွက်မှုနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# လူငယ်ပညာရှင်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ်ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် နိုဝင်ဘာလ ၂၁ ရက်က လှိုင်မြို့နယ်ရှိ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအိုင်တီလူငယ်ပညာရှင်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ်ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ကျောင်းဖွင့်ချိန်အမီ စာသင်ခန်းနှင့်ကွန်ပျူတာစက်ခန်းများပြင်ဆင်ထားရှိမှု၊ တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ရန်ကုန်နည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး ကျောင်းဖွင့်ချိန်အမီ စာသင်ခန်းများနှင့် ပုံဆွဲခန်းများ၊ လက်တွေ့ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျောင်းသားအဆောင်များပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်၊ ပင်မစာသင်ဆောင်အနီးဝန်းကျင်နှင့် တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ



အင်ဂျင်နီယာနည်းပညာကဏ္ဍ၌ နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ နောက်ကျမကျန်ခဲ့စေရေးနှင့် နိုင်ငံ့အကျိုးပြုသုတေသနစီမံကိန်းများဖြင့် ရှင်သန်သက်ဝင်သောတက္ကသိုလ်ဖြစ်စေရေး မှာကြားပြီး ပထမနှစ်ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ကအားထားရသော မျိုးဆက်သစ်အင်ဂျင်နီယာများ မွေးထုတ်နိုင်ရေး မှာကြားသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနများ၊ အလုပ်ရုံများ၌ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးကာ ထူးချွန်ကျောင်းသားများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေး နိုင်ငံတော်က အခမဲ့အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည်ကို တန်ဖိုးထားလေ့ကျင့်ကြရန်နှင့် ပြည်သူကိုအမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် ဗလငါးတန်နှင့်ပြည့်စုံသော ပညာရှင်များဖြစ်စေရေး ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရောဝတီတိုင်းဒေသကြီးအတွင်း ဆိုလာရေတင်စနစ်ဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့်ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သိလ္လာချောင်းဖျားကျေးရွာအုပ်စု ကျေးလက်ဆေးပေးခန်း၌လိုအပ်လျက်ရှိသည့် သန့်ရှင်းသောသောက်သုံးရေနှင့် သားဖွားခန်းသုံးရေ လုံလောက်စွာ ရရှိနိုင်စေရန်အတွက် လေးလက်မစက်ရေတွင်းတူးဖော်၍ ဆိုလာစနစ်ဖြင့် ရေတင်ခြင်း၊ ရေစုကန်၊ ရေစစ်ကန်နှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ဆိုလာရေတင်စနစ်ဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်မှုကြောင့်ယခင်က ကျေးလက်ဆေးပေးခန်းသို့ လာရောက်ကုသမှုခံယူကြသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူ ဒေသခံပြည်သူလူထုများမှ ရေရရှိရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ အချိန်အခါမရွေး သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိ အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုမြှင့်မားလာနိုင်ပြီး လူမှုဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# တိရစ္ဆာန်များ အာဟာရလုံလောက်စွာစားသုံးနိုင်ဖို့ ချဉ်ဖတ်လုပ်ပြီးကျွေးကြစို့

မြန်မာနိုင်ငံသည်ရာသီဥတု၊ မြေနေရာ၊ တည်နေရာ အနေအထားအရ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြကာ စိုက်ပျိုးမွေးမြူရေးကိုအဓိကထား၍ လုပ်ကိုင်ကြသည်။ နိုင်ငံတော်အနေဖြင့် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနေသော်လည်း လယ်ယာလုပ်ငန်းများတွင် ကျွဲ၊ နွားများကိုသာ အားထားအသုံးပြုနေကြဆဲဖြစ်သည်။

မိမိတို့နိုင်ငံတွင် ကျွဲ၊ နွားများ၏အဓိကအခြေခံအစားအစာမှာ ကောက်ရိုးဖြစ်သည်။ ကောက်ရိုးတွင်ပါဝင်သော အာဟာရဓာတ်မှာ တိရစ္ဆာန်များအတွက် လွန်စွာနည်းပါးသည်။ ထို့ကြောင့် လိုအပ်သော



ကျွေးမွေးရန်အသင့်ဖြစ်နေသော ချဉ်ဖတ်

အာဟာရဓာတ်များရရှိစေရန် ကောက်ရိုးနှင့်အတူ အစာနုများနှင့် မြက်၊ ပြောင်း၊ စားကျက်ပဲပင်များကို ဖြည့်စွက်ကျွေးမွေးကြသည်။ အစာနုများကို ဖြည့်စွက်စာအဖြစ်ထည့်၍အသုံးပြုလျှင် အစာကုန်ကျစရိတ်ကြီးမားစေသည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် တိရစ္ဆာန်အစာကုန်ကျစရိတ်ဖြစ်သောကြောင့် အစာဈေးမြင့်တက်လာမှုသည် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် အခက်အခဲတစ်ခုဖြစ်လာသည်။

အစာ၏ကုန်ကျစရိတ်နည်းစေရန်နှင့် မွေးမြူထုတ်လုပ်မှုကောင်းစေရန် မြက်စိုက်ခင်းများစိုက်ပျိုးပြီး မွေးမြူကြရန်လိုအပ်လာသည်။ မြက်ခင်းများစိုက်ပျိုးထားပါက အစာကုန်ကျစရိတ်ကိုလျှော့ချနိုင်မည့်အပြင် အဆိုပါမြက်ခင်းများမှရရှိသော အစာစိမ်းများကို မြက်ချဉ်ဖတ်ပြုလုပ်ထားခြင်းဖြင့် မြက်၏မူလအာဟာရတန်ဖိုးဆုံးရှုံးမှုမရှိစေဘဲ အစာရေစာရှားပါးချိန်တွင် ပြန်လည်၍ကျွေးမွေးနိုင်သည်။ ထို့ပြင် မြက်စိုက်ပျိုးရန် မလွယ်ကူသည့်အရပ်ဒေသများတွင် အခြားသောတိရစ္ဆာန်အစာပင်များဖြစ်သည့် ပြောင်း၊ နှံစားပြောင်း၊ ဂျုံ၊ ပဲမျိုးနွယ်အပင်များအပြင် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့်ဂေါ်ဖီဖတ်နှင့်သရက်သီးအခွံတို့ကိုလည်း ချဉ်ဖတ်ပြုလုပ်၍ကျွေးမွေးနိုင်သည်။

**တိရစ္ဆာန်အစာချဉ်ဖတ်(Silage)နှင့် ချဉ်ဖတ်ပြုလုပ်ပုံ**

ချဉ်ဖတ်ဆိုသည်မှာ တိရစ္ဆာန်အစာပင်(မြက်၊ ပြောင်း စသည်)ကို နုပ်နုပ်စဉ်းပြီး ချဉ်ဖတ်ထည့်ကျင်း ပလတ်စတစ်အိတ်အကြီး သို့မဟုတ် ပလတ်စတစ်ပုံးများထဲသို့လေမကျန်အောင်ဖိသိပ်ပြီး အချဉ်ဖောက်၍ သိမ်းဆည်းထားခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် တိရစ္ဆာန်အစာ၏အရည်အသွေးနှင့် အရသာကို အချိန်အတော်အတန်ကြာသည်အထိ ထိန်းသိမ်းထားနိုင်သည်။

**အကျိုးကျေးဇူးများ**

(၁) တိရစ္ဆာန်အစာပင်တွင်ပါဝင်သော အာဟာရဓာတ်နှင့် အစိုဓာတ်ကို ထိန်းသိမ်းထားနိုင်ခြင်း။
(၂) နှစ်အတော်အတန်ကြာ ထိန်းသိမ်းထားနိုင်ခြင်း။
(၃) မည်သည့်နေရာ၊ မည်သည့်ရာသီမဆို လွယ်ကူစွာပြုလုပ်နိုင်ခြင်း။
(၄) ကုန်ကျစရိတ်သက်သာခြင်း။
(၅) တညီတညာတည်း အကောင်းအဆိုး သမမျှတစွာစားနိုင်သဖြင့် ရွေးချယ်စားခြင်းမရှိတော့ဘဲ အစာလေလွင့်မှုနည်းပါးခြင်း။
(၆) တိရစ္ဆာန်များအတွက် ကောက်ရိုးမြက်ခြောက်များကျွေးမွေးခြင်းထက် အနံ့အရသာအရည်အသွေးပိုမိုကောင်းမွန်သွားခြင်း။
(၇) အပင်၏အစိတ်အပိုင်းတိုင်းကို အကျိုးရှိစွာအသုံးပြုနိုင်ခြင်း။

**ချဉ်ဖတ်ထည့်ရန်နေရာအမျိုးမျိုး**

(၁) တစ်ဖက်ပွင့်ချဉ်ဖတ်ကန် (Bunker or Clamp Silo)
(၂) ချဉ်ဖတ်ကျင်း (Pit Silo)
(၃) မြေပြင်ပုံသောစနစ် (Heap Silo)
(၄) မြေအောက်ချဉ်ဖတ်ကျင်း(Trench Silo)

အထက်ပါချဉ်ဖတ်ထည့်သည့်နေရာများသည် စီးပွားဖြစ်မွေးမြူရေးခြံများနှင့်သင့်လျော်ပြီး တစ်နိုင်တစ်ပိုင်မွေးမြူမည်ဆိုပါက ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ပုံးများနှင့် အုတ်ကန်များထဲတွင်လည်း အလွယ်တကူချဉ်ဖတ်သိပ်၍ သိမ်းဆည်းထားနိုင်သည်။ ပလတ်စတစ်အိတ်အသုံးပြုသူများသည် လေခိုအောင်းနေလျှင် မှိုပေါက်ပွားနိုင်သဖြင့် အိတ်မပေါက်အောင် အထူးသတိထားရန်လိုအပ်သည်။

**ချဉ်ဖတ်ပြုလုပ်ပုံအဆင့်ဆင့်**

(၁) ချဉ်ဖတ်ပြုလုပ်ရန် အကောင်းဆုံးရိတ်သိမ်းချိန်မှာ တိရစ္ဆာန်အစာပင်အပွင့်ပွင့်ချိန် (စိုက်ပျိုးပြီး တစ်လခွဲ-နှစ်လ)ဖြစ်သည်။
(၂) ချဉ်ဖတ်ပြုလုပ်ရာတွင် အစိုဓာတ် ၆၅-၇၀ ရာခိုင်နှုန်းရှိရမည်ဖြစ်၍ ရိတ်ခြင်း၊ စဉ်းခြင်း၊ ချဉ်ဖတ်သိပ်ခြင်းတို့ကို တစ်ရက်အတွင်းပြုလုပ်ရမည်။ ချဉ်ဖတ်ပြုလုပ်မည့် စဉ်းထားသောမြက်များကို ချဉ်ဖတ်ထည့်ရန်နေရာသို့ သယ်ယူရန် လွယ်ကူမည့်နေရာမျိုးဖြစ်စေရမည်။
(၃) တိရစ္ဆာန်များကျွေးမွေးမည့်နေရာနှင့် ချဉ်ဖတ်ထည့်သည့်နေရာ နီးကပ်မှုရှိရမည်။
(၄) ရိတ်ထားသော တိရစ္ဆာန်အစာပင်များကို တစ်လက်မ/တစ်လက်မခွဲခန့် စဉ်းရမည်။
(၅) ချဉ်ဖတ်ကန်ထဲသို့ စဉ်းထားသောတိရစ္ဆာန်အစာပင်များကို လေခိုလုံမှုလျော့နည်းစေရန် တစ်လွှာချင်းနင်း၍ဖိသိပ်ပေးရမည်။ လေခိုလုံမှုနည်းလေ ချဉ်ဖတ်၏အရည်အသွေးကောင်းလေဖြစ်သည်။
(၆) ပလတ်စတစ်အိတ်နှင့် သိုလှောင်ပါက ကြွက်၊ အင်းဆက်ပိုးမွှားများ မဖောက်စေရန် အထူးဂရုစိုက်ရမည်။
(၇) ချဉ်ဖတ်သိပ်ပြီး ၂၁ ရက်အကြာတွင် စတင်၍ကျွေးနိုင်သည်။ ချဉ်ဖတ်သည် အရောင်အဆင်းအားဖြင့် စိမ်းဝါရောင်၊ ကျွဲနွားများအားစားချင်စဖွယ် ဆွဲငင်နိုင်သောအရည်အသွေးရှိရမည်။

**အချဉ်ဖောက်ခြင်းသဘောတရား**

ချဉ်ဖတ်ပြုလုပ်ရာတွင် အရေးကြီးသောအချက်မှာ ချဉ်ဖတ်ထည့်သိပ်စဉ် လေပါဝင်မှုကင်းရှင်းအောင် လျင်မြန်စွာဖိသိပ်ခြင်းပင်ဖြစ်သည်။ ပုံမှန်အချဉ်ဖောက်ခြင်းဖြစ်စဉ်တွင် အပူချိန် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်လာပြီး လက်တစ်အက်စစ်ဗက်တီးရီးယားပိုးများပွားများသည်။ ၎င်းပိုးများသည် အပင်၏သကြားဓာတ်နှင့် ကစီဓာတ်တို့အား လက်တစ်အက်စစ်အဖြစ်သို့ ပြောင်းပေးသည်။ ထိုအခါ အက်စစ်ပြင်းအား(pH)သည် ၄ ဒသမ ၂ အထိကျဆင်းသွားသည်။ အက်စစ်ပြင်းအား ၄ ဒသမ ၂ သည် အချဉ်ဖောက်ခြင်းဖြစ်စဉ်ကို မှန်ကန်စေပြီး ချဉ်ဖတ်အား ကြာရှည်စွာ သိမ်းဆည်းနိုင်စေသည်။ အက်စစ်ပြင်းအားသည် ၄ ဒသမ ၂ အောက်သို့မကျပါက လက်တစ်အက်စစ်အစား ဗျူးထရစ်အက်စစ်ဖြစ်ပေါ်လာပြီး ချဉ်ဖတ်အရည်အသွေးကျဆင်းပြီး ကျွဲနွားများကြိုက်နှစ်သက်ခြင်းမရှိပေ။

ချဉ်ဖတ်အတွင်း လေပါဝင်ပါက အပင်တွင်ပါဝင်သောသကြားဓာတ်နှင့် အောက်ဆီဂျင်တို့ဓာတ်ပြုပြီး ချဉ်ဖတ်အပူချိန်မြင့်တက်လာမည်ဖြစ်သည်။ အပူချိန်မြင့်တက်မှုဖြစ်စဉ် ဆက်လက်ဖြစ်ပွားနေပါကလည်း ချဉ်ဖတ်၏အာဟာရတန်ဖိုးကျဆင်းသည်။

ချဉ်ဖတ်အတွင်းလေခိုအောင်းနိုင်မှု ရှိ/မရှိသည် ချဉ်ဖတ်ပြုလုပ်သည့် အပင်၏အစိုဓာတ်ပေါ်တွင်မူတည်သည်။ အပင်၏အစိုဓာတ်လျော့နည်းပါက ဖိသိပ်ရာတွင်လေခိုနိုင်ပြီး အချဉ်ပေါက်သည့်ဖြစ်စဉ်နှေးကွေးကာ မှိုနှင့်အခြားသောဗက်တီးရီးယားများ ပေါက်ပွားလာနိုင်သည်။ အပင်၏အစိုဓာတ်သည်

> **“တိရစ္ဆာန်များအား ချဉ်ဖတ်ကျွေးမွေးရာတွင် နည်းနည်းချင်းစီစကျွေးပြီး ချဉ်ဖတ်၏အနံ့နှင့်အရသာကိုကျင့်သားရပြီးမှသာ တဖြည်းဖြည်းတိုးကျွေးရမည်ဖြစ်သည်။ ချဉ်ဖတ်အား နေ့စဉ်နို့စားနွားမတစ်ကောင်လျှင် ၆ ပိဿာမှ ၁၀ ပိဿာအထိ ခိုင်းနွားတစ်ကောင်လျှင် ၁၀ ပိဿာမှ ၁၂ ပိဿာအထိ သို့၊ ဆိတ်တစ်ကောင်လျှင် ၃၀ သားမှ ၉၀ သားအထိ ကျွေးမွေးနိုင်သဖြင့် နွေရာသီအစာရှားပါးချိန်နှင့် မိုးခေါင်၍ အစာရှားပါးမှုဒဏ်ကို ကာကွယ်နိုင်သည်။”**

၇၀ ရာခိုင်နှုန်းအထက်များပါက အရည်များထွက်ခြင်းနှင့် လုံလောက်သောအက်စစ်ပြင်းအားသို့ မရောက်ရှိခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

ချဉ်ဖတ်ပြုလုပ်သောအခါ အချဉ်ဖောက်ခြင်းကို မြန်စေရန်နှင့် အာဟာရဓာတ်များဆုံးရှုံးမှုနည်းစေရန်ထပ်ဖြည့်ပစ္စည်းများ (ဥပမာ- သကာရည်၊ အင်ဇိုင်း၊ အက်စစ်ပျော့များနှင့် လက်တစ်အက်စစ်ပိုးမွှားများ)ကို ချဉ်ဖတ်သိပ်စဉ်ရောထည့်နိုင်သည်။

တိရစ္ဆာန်များအား ချဉ်ဖတ်ကျွေးမွေးရာတွင် နည်းနည်းချင်းစီစကျွေးပြီး ချဉ်ဖတ်၏အနံ့နှင့်အရသာကိုကျင့်သားရပြီးမှသာ တဖြည်းဖြည်းတိုးကျွေးရမည်ဖြစ်သည်။ ချဉ်ဖတ်အား နေ့စဉ်နို့စားနွားမတစ်ကောင်လျှင် ၆ ပိဿာမှ ၁၀ ပိဿာအထိ ခိုင်းနွားတစ်ကောင်လျှင် ၁၀ ပိဿာမှ ၁၂ ပိဿာအထိ သို့၊ ဆိတ်တစ်ကောင်လျှင် ၃၀ သားမှ ၉၀ သားအထိ ကျွေးမွေးနိုင်သဖြင့် နွေရာသီအစာရှားပါးချိန်နှင့်မိုးခေါင်၍ အစာရှားပါးမှုဒဏ်ကို ကာကွယ်နိုင်သည်။ တိရစ္ဆာန်များကို ကျွေးမွေးသည့်အခါ ချဉ်ဖတ်အပုံကြီးအတွင်းမှ ထုတ်ယူကျွေးမွေးခြင်းဖြစ်ပါက တစ်ရက်စာလုံလောက်သည့်ပမာဏကို ထုတ်ယူ၍ တစ်ပြိုင်တည်းအကုန်ကျွေးမွေးရမည်။ လေနှင့်ထိတွေ့ချိန်များသွားပါက မှိုများပေါက်ပွားလာပြီး ချဉ်ဖတ်၏အရည်အသွေးပျက်စီးသွားကာ အဆိပ်အတောက်ဖြစ်စေသည်။ ချဉ်ဖတ်အား နေ့စဉ်ဖွင့်ဖောက်ကျွေးနေစဉ်ကာလတွင် အပေါ်ယံရှိ မှိုတက်နေသော အစိတ်အပိုင်းများအားဖယ်ရှားပြီး ကျွေးမွေးရမည်ဖြစ်သည်။

ထို့ကြောင့် မွေးမြူရေးလုပ်ကိုင်သူများအနေဖြင့် မိုးရာသီတိရစ္ဆာန်အစာပင်များ ပေါများချိန်တွင် ပိုလျှံသောတိရစ္ဆာန်အစာပင်များကို ချဉ်ဖတ်ပြုလုပ်၍ ထိန်းသိမ်းထားပြီး အစာရှားပါးသောကာလများတွင် တိရစ္ဆာန်များအားကျွေးခြင်းအားဖြင့် အစာဖိုးကုန်ကျစရိတ်နည်းပြီး အရည်အသွေးကောင်းသည့်ချဉ်ဖတ်များကျွေးမွေးခြင်းဖြင့် မွေးမြူရေးလုပ်ငန်းကိုမြှင့်တင်ကြပါစို့ဟုတိုက်တွန်းရင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဒီဒီ(ဖန်းမ်)**


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar



MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်းနှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ပြည်လမ်း၊ရန်ကုန်မြို့၊ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ပြည်လမ်း၊ရန်ကုန်မြို့၊ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
KHA YAE PIN MART
Lemon Tea
PYIN OO LWIN NAN MYAING


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN Nan Myaing 2+1 coffee
Black Coffee PYIN OO LWIN NAN MYAING 2 in 1
PYIN OO LWIN NAN MYAING PURE ARABICA Coffee
100% PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# နိုင်ငံတကာအဆင့် Rip-it-off ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Myanmar Fire Services Department အသင်းက တတိယဆုနှင့် Brave Heart အဖွဲ့လိုက်လက်ဆင့်ကမ်းပြိုင်ပွဲတွင် "BLUE"အသင်းက ပထမဆု အသီးသီးဆွတ်ခူးနိုင်ခဲ့






ရန်ကုန် နိုဝင်ဘာ ၂၃

စင်ကာပူနိုင်ငံမြို့ပြကာကွယ်ရေးတပ်ဖွဲ့ (Singapore Civil Defence Force –SCDF)မှ နိုဝင်ဘာလ ၁၉ ရက်မှ ၂၁ ရက်အထိ Singapore Expo တွင် နိုင်ငံတကာအဆင့် Singapore Global Firefighters and Paramedics Challenge (SGFPC) 2025 ပြိုင်ပွဲများကို ကျင်းပခဲ့ရာ အိမ်ရှင်နိုင်ငံ စင်ကာပူအပါအဝင် ဥရောပမှ UAE၊ လူဇင်ဘတ်၊ အာရှမှ တရုတ်(မကာအို)၊ ဩစတြေးလျ၊ မွန်ဂိုလီးယား၊ ကာတာ၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်၊ အရှေ့တောင်အာရှမှ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဘရူနိုင်း စသည့်နိုင်ငံပေါင်း ၁၇ နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြု Myanmar Fire Services Department အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့ဝင်များဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် Brave Heart တစ်ဦးချင်း၊ အဖွဲ့လိုက်နှင့် Rip–it–off အဖွဲ့လိုက် မီးသတ်စွမ်းရည်နှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ယခုလို Fire & Rescue paramedics ပြိုင်ပွဲများကို ကျင်းပခြင်းအားဖြင့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင်များအကြား မီးသတ်နှင့် ရှာဖွေကယ်ဆယ်ရေးပညာရပ်များ၊ သတင်းအချက်အလက်များ (Knowledge Sharing) မျှဝေနိုင်ရန်၊ နိုင်ငံတကာတပ်ဖွဲ့ဝင်များ အချင်းချင်း (Real–World) လက်တွေ့နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် ပြိုင်ပွဲမှရရှိသော အတွေ့အကြုံများဖြင့် နည်းပညာများတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များအနေဖြင့် Rip–it–off ပြိုင်ပွဲ၏ အဓိကပေးမှတ်များဖြစ်သည့် "လုံခြုံမှု၊ စွမ်းရည်၊ အချိန်"အချက်များအပေါ် "လျင်မြန်မှု၊ လုံခြုံစိတ်ချရမှု၊ အရေးပေါ်ဆေးဝါးကုသမှု"ဆိုင်ရာနည်းစနစ်များကို ကြိုတင်ပြင်ဆင်လေ့ကျင့်ထားပြီး Singapore Civil Defence Force –SCDF မှ ထုတ်ဝေသည့် RE action နည်းပညာမဂ္ဂဇင်းပါ Technical Publication စည်းကမ်းချက်များကိုလည်းလေ့လာသကဲ့သို့ ယာဉ်တိမ်းမှောက်မှုပုံစံ အဓိက ခြောက်မျိုးအပေါ် လေ့ကျင့်ပြင်ဆင်ခဲ့ကြပြီး ပြိုင်ပွဲတွင် Side Rest / On side လမ်းပေါ် ယာဉ်ဘေးကျအနေအထားဖြင့်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ် မတော်တဆမှုဖြစ်စဉ်တွင် ပိတ်မိနေသူအား ကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲ Rip–it–off ပြိုင်ပွဲဆိုသည်မှာ Real incident case studies မတော်တဆမှုဖြစ်စဉ်မှန်ပေါ်အခြေခံပြီး လမ်းပေါ် မတော်တဆမှု Road Traffic Accident–RTA ပုံသဏ္ဍာန်များကို Simulation လုပ်ထားသည့် ယာဉ်တိုက်မှုတစ်ခု၏ ဇာတ်ကောင်အားပြင်ဆင်ပေးထားကာ ရှာဖွေကယ်ဆယ်ရေးသင်ခန်းစာများအပေါ်အခြေခံပြီး ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ Rip–it–off ယှဉ်ပြိုင်မှုကို သတ်မှတ်သည့်အခါတွင် စီမံခန့်ခွဲမှု Command & Control ပြုလုပ်မှု၊ ယာဉ်အား Scene Assessment ပြုလုပ်မှု၊ ယာဉ်အား တည်ငြိမ်စေရန် Vehicle Stabilisation ဆောင်ရွက်မှု၊ ကယ်ဆယ်ရွှေ့ထုတ်နည်း Extrication Techniques ဆောင်ရွက်နိုင်မှု၊ အရေးပေါ်ဆေးအကာအကွယ်ပေး Medical Intervention ကုသမှု စသည့် အပိုင်းများကို လေ့ကျင့်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်လေးဦးပါဝင်ကာ အဖွဲ့ခေါင်းဆောင်တစ်ဦး၊ ကယ်ဆယ်ရေးသမား Rescuers နှစ်ဦး၊ Paramedic အကူတစ်ဦး ဖြစ်သည်။

အဆိုပါနိုင်ငံတကာပြိုင်ပွဲသည် နိုင်ငံတစ်ခု၏ အရေးပေါ်ကယ်ဆယ်ရေးအတတ်ပညာ၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများအပေါ် ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်မှုနည်းပညာ၊ စုပေါင်းဆောင်ရွက်နိုင်သည့်စွမ်းအား၊ ကျရာကဏ္ဍမှတာဝန်ထမ်းဆောင်သူများ၏စွမ်းရည်များ မည်မျှအထိရှိနေကြောင်း၊ နိုင်ငံတကာအဆင့်မီတပ်ဖွဲ့တစ်ခုဖြစ်ကြောင်း နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင်များအကြား ပွင့်လင်းမြင်သာစွာချပြခွင့်ရရှိသည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်။

ယင်း နိုင်ငံတကာအဆင့် Rip–it–off ပြိုင်ပွဲကို နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အသင်း ၂၀ သင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြု Myanmar Fire Services Department အသင်းက စံချိန်စမိနစ် ၁၄ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ Brave Heart အဖွဲ့လိုက်လက်ဆင့်ကမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင် ပါဝင်သည့် "BLUE"အသင်းက ပထမဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် စင်ကာပူနိုင်ငံတွင် နှစ်နှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သလို ၂၀၂၄ ခုနှစ် မလေးရှားနိုင်ငံ၌ကျင်းပသည့် International Rescue Extrication Challenge ပြိုင်ပွဲတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များရရှိခဲ့ရာ နိုင်ငံတကာပြိုင်ပွဲသုံးကြိမ်သွားရောက်ယှဉ်ပြိုင်မှုတွင် သုံးနှစ်ဆက်တိုက် နိုင်ငံတကာဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံ့ဂုဏ်ဆောင်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သောအဖွဲ့သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့ ညပိုင်းတွင် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပြန်လည်ရောက်ရှိခဲ့ကြကြောင်းသိရသည်။

နေကိုထိုက်




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန၊ အမျိုးသားသွေးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ခွဲစိတ်စစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးခွဲစိတ်ဆေးပစ္စည်းများနှင့် Blood Management System တွင်အသုံးပြုသော Label နှင့် Ribbon များ ဒုတိယအကြိမ်တင်ဒါဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၄-၁၁-၂၀၂၅(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၁၂-၂၀၂၅(တနင်္လာနေ့) (၁၆:၀၀)နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
အမျိုးသားသွေးဌာန၊ ရန်ကုန်
ဖုန်း-(၀၁၈-၃၇၂၇၅၃)

**ပျောက်ဆုံးကြောင်း**
မိလာလေး(ဘ)ဦးစိန်ဘန်း ၁၀/ကမရ(နိုင်)၁၀၈၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၁၅၄၆၃၉

**ပျောက်ဆုံးကြောင်း**
အေးသူဇာ(ဘ)ဦးဝင်းအောင် ၁၀/မဒန(နိုင်)၁၈၇၁၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၇၇၂၁၅

**ပျောက်ဆုံးကြောင်း**
နန်းအိအိမွန်အောင်(ဘ)ဦးမျိုးမြင့် ၉/မပဟမ(နိုင်)၀၀၃၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၅၄၂၆၅၁

**တစ်ဦးတည်းဖြစ်ကြောင်း**
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဥတ္တံတားကျေးရွာအုပ်စု၊ ရပ်ကွက်(၉)နေ (ဘ)ဦးရွှေမန်း၏သမီး ၁၀/ပမန(နိုင်)၁၈၂၈၆၁ ကိုင်ဆောင်သူ မစုလှိုင်(ခ)မစုလှိုင်နှင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မစုလှိုင်(ခ)မစုလှိုင်နှင်း

**ပျောက်ဆုံးကြောင်း**
မာလာဝင်း(ဘ)ဦးမျိုးအောင် ၁၀/ကမရ(နိုင်)၁၁၃၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၀၈၃၀၆၅၁

**ပျောက်ဆုံးကြောင်း**
မိနမ်းဝါ(ဘ)ဦးမင်းဝင်းစိုး ၁၀/ကမရ(နိုင်)၁၃၂၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၁၅၄၆၃၉

**ပျောက်ဆုံးကြောင်း**
မင်းချမ်းစော(ဘ)ဦးနိုင်ဦး ၁၀/ပမန(နိုင်)၂၀၇၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၁၄၈၈၀၃၃

**ပျောက်ဆုံးကြောင်း**
မပန်းဟေကို(ဘ)ဦးလှမြင့် ၈/မကန(နိုင်)၃၀၉၃၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သင်းနန္ဒာအောင်(ဘ)ဦးထွန်းတင် ၁၃/ကတန(နိုင်)၀၈၇၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 239913)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၅၃၀၄၂၇

**ပျောက်ဆုံးကြောင်း**
ထက်ထက်ထူး(ဘ)ဦးဝင်းမြင့် ၉/မလန(နိုင်)၁၆၈၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရဲအောင်(ဘ)ဦးစံရင် ၇/ပခန(နိုင်)၁၀၉၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စိုင်းအိုက်ဆိုင်(ဘ)ဦးထန်ခိုက်လုံ ၁၃/ကခန(နိုင်)၀၁၄၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 166389)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

**ပျောက်ဆုံးကြောင်း**
တိုးလှိုင်(ဘ)ဦးစိန်ထွန်း ၁၂/ဗဟန(နိုင်)၀၄၀၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ မင်းဆယ်ကျေးရွာအုပ်စု၊ ရွှေလမ်းစု(မအင်းအစု)ကျေးရွာနေ မအေးအေးခိုင်(ဘ)ဦးဖိုးအေး ၁၄/ပတန(နိုင်)၂၀၇၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၆

**အလိမ္မာစာမှာရှိ**

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း (၁-၁၁-၂၀၂၅ ရက်မှ ၁၅-၁၁-၂၀၂၅ ရက်အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၈ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | ကောင်းမွန် | | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင် | | ကောင်းမွန် | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့်ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# မိုးညှင်းမြို့၌ လူငယ်များဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းနှင့်ဟောပြောပွဲကျင်းပ

မိုးညှင်း နိုဝင်ဘာ ၂၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းနှင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မိုးညှင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြတ်သရဖူခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမူက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက လူငယ်လူရွယ်များ အသိပညာ အတတ်ပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ ကျောင်းသား၊ ကျောင်းသူများ ရင်းနှီးချစ်ခင်စွာ အမြင်ချင်းဖလှယ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် မေးမြန်းဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးမေက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade–10 မှ မဖူးဖူးဝေက လူငယ်နှင့်အားကစား၊ မောင်ပြည့်စုံခိုင်မင်းက လေထုညစ်ညမ်းခြင်းဆိုင်ရာများ၊ မခေါင်နောက လူသားနှင့်ပတ်ဝန်းကျင်၊ မောင်ဝေဖြိုးပိုင်က ကျောက်မီးသွေးအကြောင်း ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးကြရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။



ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ရွှေမိုးညှင်း

# ထိုင်ဝမ်ကျွန်းအနီး၌ ဒုံးကျည်များကို ဖြန့်ကြက်မည်ဟု ဂျပန်ကာကွယ်ရေး ဝန်ကြီးပြော

**တိုကျို၊ စစ်ရေး**

ဂျပန်နိုင်ငံအနေဖြင့် ထိုင်ဝမ်ကျွန်းအနီး၌ ဒုံးကျည်များကိုဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ထိုင်ဝမ်ကျွန်းအနီးရှိ စစ်စခန်းသို့ သွားရောက်စဉ် ဂျပန်ကာကွယ်ရေးဝန်ကြီးကပြောသည်။ ယင်းကဲ့သို့ ဒုံးကျည်များကို ဖြန့်ကြက်ခြင်းသည် ဂျပန်နိုင်ငံအပေါ် ကျရောက်လာနိုင်သည့် တိုက်ခိုက်နိုင်ခြေကို လျှော့ပါးစေနိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက နိုဝင်ဘာလ ၂၃ ရက်တွင် ပြောသည်။

ဒုံးကျည်များကို ဖြန့်ကြက်ချထားမည့် နေရာသည် ထိုင်ဝမ်ကျွန်း၏အရှေ့ဘက်ရှိ ကီလိုမီတာ ၁၁၀ သာကွာဝေးသည့် ယိုနာဂူနီကျွန်း၌ဖြစ်ပြီး တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို ဖြန့်ကြက်သွားမည်ဖြစ်သည်။ ထိုင်ဝမ်ကျွန်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ မှတ်ချက်ပြုစကားကြောင့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာမှုများ မြင့်တက်လာနေစဉ် ဂျပန်နိုင်ငံက ယခုကဲ့သို့ စီစဉ်လာခြင်းဖြစ်ကြောင်းသိရသည်။

**Ref: ST**

# တရုတ်နိုင်ငံက နျူကလီးယားပေါက်ကွဲမှုဒဏ်ခံ ဘန်ကာပါသည့် ကမ္ဘာ့ပထမဆုံး ရေပေါ်ကျွန်းတုကိုတည်ဆောက်နေ



**ပေကျင်း၊ နည်းပညာ**

တရုတ်နိုင်ငံက နျူကလီးယားပေါက်ကွဲမှုဒဏ်ကိုခံနိုင်ရည်ရှိသည့် ဘန်ကာပါဝင်သော ကမ္ဘာ့ပထမဆုံးရေပေါ်ကျွန်းတုကို တည်ဆောက်နေကြောင်းနှင့် ယင်းကျွန်းတုသည် တစ်ကမ္ဘာလုံးဆိုင်ရာ ပင်လယ်ရေကြောင်းအင်အားပြိုင်ဆိုင်မှုကို ပိုမိုအားကောင်းလာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလေးချိန်အားဖြင့်တန်ချိန် ၇၈၀၀၀ ရှိကာ ကိုယ်ထည်နှစ်ခုတွဲအပေါ်တင်ထားသည့် အဆိုပါရေပေါ်ကျွန်းတုသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) ရေတပ်ရှိ ဖူးကျန့်လေယာဉ်တင်သင်္ဘော၏ အလေးချိန်နှင့်အတူတူပင်ဖြစ်သည်။

ထို့ပြင် ရေပေါ်ကျွန်းတု၌ အလုပ်သမား ၂၃၈ ဦးအနေဖြင့် နောက်ထပ်ထောက်ပံ့မှုများမလိုဘဲ လေးလကြာအလုပ်လုပ်နိုင်မည်သာမက ၎င်းအောက်၌ နျူကလီးယားပေါက်ကွဲမှုကိုခံနိုင်ရည်ရှိသော ဘန်ကာကို ထည့်သွင်းတည်ဆောက်ထားသည်။

ယင်းရေပေါ်ကျွန်းတုသည် အလွန်ခိုင်မာအားကောင်းသော အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ၎င်းတွင် အရေးပေါ်စွမ်းအင်စနစ်၊ ဆက်သွယ်ရေးစနစ်နှင့် လမ်းကြောင်းပြထိန်းချုပ်မှုစနစ်တို့ပါဝင်သော အရေးပါသည့်အခန်းများစွာကိုပါ ထည့်သွင်းထားကြောင်း၊ ထိုအခန်းများကလည်း နျူကလီးယားပေါက်ကွဲမှုဒဏ်ကိုခံနိုင်သည့် အခန်းများဖြစ်ကြောင်း၊ ထိုရေပေါ်ကျွန်းတုသည် အမျိုးသားအဆင့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သုတေသနပညာရှင်များကပြောသည်။

**Ref: SCMP**

# ဗီယက်နမ်နိုင်ငံ၌ ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၉၀ အထိ မြင့်တက်လာ

**ဟနွိုင်း၊ သဘာဝဘေး**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ဖြစ်ပွားသော ရေကြီးမှုများနှင့်မြေပြိုမှုများကြောင့် နိုဝင်ဘာလ ၂၃ ရက်အထိ သေဆုံးသူစုစုပေါင်း အယောက် ၉၀ အထိမြင့်တက်လာကြောင်း ဗီယက်နမ်သဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ထုတ်ပြန်ချက်ကို ကိုးကား၍ Thanh Nien သတင်းစာက ဖော်ပြထားသည်။

ထို့ပြင် အဆိုပါသဘာဝဘေးကြောင့် လူ ၁၂ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ အိမ်ခြေ ၁၁၅၄ လုံးနှင့် လယ်ယာစိုက်ပျိုးမြေဟက်တာ ၈၀၈၀၀ ကျော်ပျက်စီးသွားကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အလားတူ ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်တိုးမြှင့်လုပ်ဆောင်ရန် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်းချင်က တောင်းဆိုထားသည်ဟု သိရသည်။

**Ref: Xinhua**

# တောင်ကိုရီးယား၏ အန္တိမရည်မှန်းချက်က မြောက်ကိုရီးယားနှင့် ပြန်လည်ပေါင်းစည်းရေး ဖြစ်ဟုဆို

**ဂျိုဟန်နက်စဘတ်၊ ဆက်ဆံရေး**

တောင်ကိုရီးယားနိုင်ငံ၏ အန္တိမရည်မှန်းချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါတာဝန်က မြောက်ကိုရီးယားနှင့် ပြန်လည်ပေါင်းစည်းရေးဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က နိုဝင်ဘာလ ၂၃ ရက်တွင် ပြောသည်။

ထို့ပြင် ယင်းကဲ့သို့ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်တစ်ဖက်သတ် လုပ်ဆောင်မှုထက် ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း G-20 ထိပ်သီးညီလာခံတက်ရန် ဂျိုဟန်နက်စဘတ်မြို့သို့ရောက်ရှိနေသည့် တောင်ကိုရီးယားသမ္မတကပြောသည်။

လီဂျေးမြောင်သည် တောင်ကိုရီးယားသမ္မတအဖြစ်တာဝန်ယူပြီးနောက်ကိုရီးယားနှစ်နိုင်ငံကြား ပြန်လည်ပေါင်းစည်းရေးကိုသာ အဓိကထားလုပ်ဆောင်မည်ဟု အကြိမ်ကြိမ်ပြောထားသည်။

**Ref: YH**

# မလေးရှားက အသက် ၁၆ နှစ်အောက်များကို လူမှုမီဒီယာအသုံးပြုမှု တားမြစ်မည်




**ကွာလာလမ်ပူ၊ ပြည်တွင်းရေး**

မလေးရှားနိုင်ငံက အသက် ၁၆ နှစ်နှင့် အောက်ရှိသူများကို လူမှုမီဒီယာအသုံးပြုမှု တားမြစ်ရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းတားမြစ်မှုကို ၂၀၂၆ ခုနှစ်တွင် စတင်အသက်သွင်းမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီး ဖာမီဖတ်ဇေကပြောသည်။

အစိုးရအနေဖြင့် ကလေးငယ်များ၏ အွန်လိုင်းလုံခြုံရေးတိုးတက်စေရန် ရည်ရွယ်၍ ယခုအစီအစဉ်ကိုအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ လူမှုမီဒီယာပလက်ဖောင်းများသည် ၎င်းတို့၏ပလက်ဖောင်းကိုအသုံးပြုသူများအပေါ် စိစစ်မှုများလုပ်ဆောင်သွားမည်ဟုမျှော်လင့်ထားကြောင်း ဆက်သွယ်ရေးဝန်ကြီးက ဆက်ပြောသည်။

မလေးရှားအစိုးရအနေဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ အွန်လိုင်းလုံခြုံရေး ဥပဒေကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ထိုဥပဒေနှင့်အတူ အသက် ၁၆ နှစ်အောက်ကလေးများကိုပါ လူမှုမီဒီယာအသုံးပြုမှု တားမြစ်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးဝန်ကြီးကပြောသည်။

ဩစတြေးလျနိုင်ငံက လူမှုမီဒီယာအသုံးပြုသူများကို အသက်အရွယ်ကန့်သတ်လိုက်ပြီးနောက် မလေးရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများကပါ ဩစတြေးလျနိုင်ငံကဲ့သို့ လိုက်ပါလုပ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသည်။

**Ref: ST**

# အမေရိကန်က ဗင်နီဇွဲလားစစ်ဆင်ရေးကို နောက်တစ်ဆင့်တက်မည်ဟုဆို

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်အစိုးရသည် ဗင်နီဇွဲလားနိုင်ငံနှင့်ဆက်စပ်နေသည့် စစ်ဆင်ရေးကို နောက်တစ်ဆင့်သို့တက်မည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူလေးဦးက ပြောသည်ဟု သတင်းဌာနများက ဖော်ပြထားသည်။

အမေရိကန်တပ်မတော်အနေဖြင့် ကာရေဘီယံပင်လယ်အတွင်း စစ်အင်အားကို တိုးမြှင့်ဖြန့်ကြက်ပြီးနောက် ဗင်နီဇွဲလားနိုင်ငံနှင့် ဆက်ဆံရေးတင်းမာမှုများပိုမိုမြင့်တက်လာနေစဉ်အမေရိကန်တာဝန်ရှိသူများက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။


အမေရိကန်ဘက်က လုပ်ဆောင်လျက်ရှိသော လျှို့ဝှက်စစ်ဆင်ရေးများသည် ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုအပေါ်လုပ်ဆောင်သည့် စစ်ဆင်ရေးပထမအဆင့်ဖြစ်မည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများကပြောသည်။

ထို့ပြင် အမေရိကန်သမ္မတသည် နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးများဝင်ရောက်မှုကိုတားဆီးနိုင်ရေးနှင့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်နေသူများကို အပြစ်ပေးနိုင်ရေးအတွက် လုပ်ဆောင်သင့်သည့်အရာများအားလုံးကို လုပ်ဆောင်မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးကပြောသည်။ အမေရိကန်နိုင်ငံသို့ဝင်ရောက်နေသည့်မူးယစ်ဆေးဝါးများသည် ဗင်နီဇွဲလားနိုင်ငံမှဖြစ်ကြောင်း တာဝန်ရှိသူများက ပြောထားသည်။

**Ref: ST**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ



လိုင်စင်မဲ့မော်တော်ယာဉ် (Honda Insight 2009 Model)

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၉ ရက်**တွင် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၂ ရက်**တွင် ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်(၈) ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **နိုဝင်ဘာလ ၁၉ ရက်နှင့်၂၀ ရက်**တို့တွင် ကျောက်တံခါးမြို့နယ်နှင့်ဖြူးမြို့နယ်အတွင်း၌ ကျွန်းသစ်(၃ ဒသမ ၂၀၂)တန်၊ သစ်မာ(သုည ဒသမ ၆၁၉)တန်၊ အခြားသစ်(သုည ဒသမ ၈၁၁)တန်နှင့် မီးသွေးပေါင်(၃၀)ဝင် (၄၀ ဒသမ ၅၆)တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၆၀၆၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၅၆၀၆၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၁ ရက်**တွင် မဟာအောင်မြေမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **နိုဝင်ဘာလ ၁၈ ရက်**တွင် ရတနာပုံတံတား (နွားပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင်ပရီမီယံဒီဇယ် (၄၀၀)ဂါလန်၊ (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၈၁၈၈၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၈၁၈၈၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၉ ရက်**နှင့် **၂၀ ရက်** တို့တွင် ကျိုက်မရောမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၅ ရက်**တွင် ပုသိမ်မြို့နယ်အတွင်း၌ အခြားသစ်(၅ ဒသမ ၅၄၆)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၁၀၄၀)**ကိုသစ်တောဥပဒေနှင့်အညီဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၀ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၅)မျိုးနှင့်လုပ်ငန်းသုံးပစ္စည်း (၁၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၂၂၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden GT-001(၁)စီး ၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၇၀၀၀၀၀၀၀)ကို လည်းကောင်း၊ မန္တလေးမြို့နယ်၊ မန္တလေးစာတိုက်ကြီး၌ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၄၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၆၆၉၂၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၃၉၀၇၄၉၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာလ **၁၁ ရက်၊ ၁၂ ရက်၊ ၁၅ ရက်၊ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၄၅၅၅၀၄)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ မြဝတီ

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာလ ၂၃ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်းနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၄.၁၁.၂၀၂၅ ရက်မှ ၂.၁.၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်း)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာင်းမြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၀၀ | ၂၇၁၅ | ၂၆၈၀ | ၂၆၁၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၅၀ | ၂၆၇၀ | ၄၅၀၅ | ၂၉၆၅ | ၂၆၉၀ | ၂၉၂၀ | ၂၇၆၀ | ၂၇၂၅ | ၂၇၄၅ | ၃၀၀၅ |
| 95 Ron | ၂၆၇၅ | ၂၇၉၀ | ၂၇၅၅ | ၂၆၉၀ | ၂၇၉၅ | ၂၈၁၀ | ၂၈၂၅ | ၂၇၄၅ | ၄၅၆၀ | ၃၀၄၀ | ၂၇၆၀ | ၃၀၀၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၂၀ | ၃၀၈၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၇၀ | ၂၆၃၅ | ၂၅၇၀ | ၂၆၇၅ | ၂၆၉၀ | ၂၇၁၀ | ၂၆၂၅ | - | ၂၉၂၀ | ၂၆၄၅ | ၃၃၀၅ | ၂၇၁၅ | ၂၆၈၀ | ၂၇၀၀ | ၂၉၆၀ |
| HSD (50 ppm) | ၃၀၉၅ | ၃၂၁၀ | ၃၁၇၅ | ၃၁၁၀ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၈၃၀ | ၃၄၆၀ | ၃၁၈၀ | ၃၃၅၀ | ၃၂၅၅ | ၃၂၂၀ | ၃၂၄၀ | ၃၄၉၅ |
| HSD (10 ppm) | ၃၀၉၅ | ၃၂၁၀ | ၃၁၇၅ | ၃၁၁၀ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | - | ၃၄၆၀ | ၃၁၈၀ | ၃၃၅၀ | ၃၂၅၅ | ၃၂၂၀ | ၃၂၄၀ | ၃၄၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၃ | ၂၅၂၆ |
| 95 Ron | ၂၅၁၅ | ၂၅၉၉ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၇၇ |
| HSD (50 ppm) | ၂၉၂၂ | ၃၀၁၀ |
| HSD (10 ppm) | ၂၉၂၂ | ၃၀၁၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် နေရာတွင် အခြားနိုင်ငံများ၏ကျင့်သုံးမှုပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့်ဖက်ဒရယ်စနစ်တို့ကို ဖော်ဆောင်ရန်အရေးကြီး . . .

( ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅)တွင် ပြောကြားသောကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြား

## ဧရာဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏စပါးကျီတစ်ခုဖြစ်၊ ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြည်ပသို့တင်ပို့နိုင်ရေး ပိုမိုတိုးတက်စိုက်ပျိုး ဆောင်ရွက်သွားရန်လို


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တိုးရွှေဝါခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ်

စာမျက်နှာ ၅ ကော်လံ ၁ ➲

**ဖိုမီးအမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ**

နေပြည်တော် နိုဝင်ဘာ ၂၃

ဖိုမီးအမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ (၇)တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

**တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ် (စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာ၌ အခြေပြု၍ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်**

စာ - ၂၄ သို့

**KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများ ထပ်မံဖြိုချဖျက်ဆီးပြီး တရားမဝင်ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့**

စာ - ၁၁ သို့